# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဧပြီလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၆၅)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ၂၉-၈-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

**ယနေ့ ဖတ်စရာအညွှန်း**

**အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား တတိယအဆင့် ပွဲစဉ်များ ထွက်ပေါ်**

စာမျက်နှာ ၁၁

**မြို့မကြီးရဲ့ အတိတ်ကို နှစ်သက်သူ (ဆောင်းပါး)**

စာမျက်နှာ ၁၇





# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်မည်

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘော ခရီးစဉ်သွားရောက်မည်ဖြစ်သည်။

**ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည်**

အဆိုပါအလုပ်သဘောခရီးစဉ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထျန်းကျင်းမြို့၌ ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025) သို့တက်ရောက်ခြင်း၊ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် အခြားနိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်နိုင်ငံရှိ အထင်ကရနေရာများအား ကြည့်ရှုလေ့လာခြင်း၊ ပညာရေးကဏ္ဍ၊ စက်မှုကုန်ထုတ်လုပ်ငန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ စသည်တို့အား ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ သောကြာနေ့။

မန္တလေး

## အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာရေးနှစ်အထိ သုံးနှစ်ရှိပြီဖြစ်ပါကြောင်း၊ စီမံကိန်း ဆောင်ရွက်သည့်အခါတွင်လည်း လိုအပ်သည့်နည်းပညာပေးခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးခြင်းနှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းငယ်များ ထူထောင်နိုင်သည်အထိ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၆) ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းဖြင့် ကိုယ်ပိုင်လုပ်ငန်းများထူထောင်ပေးခဲ့သော လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။ ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးရွာ ၁၉၆ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်၍ အသေးစား ကုန်ထုတ်လုပ်ငန်းရှင် ၉၈၀ ပေါ်ထွက်လာမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယခုကဲ့သို့ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်မှလည်း အသေးစားလုပ်ငန်းများကို မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးရွာများမှ အသေးစားလုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိမှသာ လုပ်ငန်းရှင်များလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏လုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်မှုရှိအောင် အမြဲတမ်းတီထွင်ကြံဆဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားပြီး ကိုယ်ပိုင်လုပ်ငန်း ထူထောင်ဆောင်ရွက်လျက်ရှိသော အပ်ချုပ်ဆိုင်လုပ်ငန်းရှင်များ ချုပ်လုပ်ထားသောဝတ်စုံများ၊ သံဂဟေဆက်လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ၊ လူသုံးကုန်ထုတ်လုပ်ခြင်းလုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် နည်းပညာဆိုင်ရာသင်တန်းများကို သင်ကြားပေးလျက်ရှိရာတွင် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ လက်မှုထည်ထုတ်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ သံဂဟေဆက်နည်းပညာသင်တန်း၊ တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်မှုနည်းပညာသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းနည်းပညာသင်တန်း၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများပြုပြင်ခြင်းနည်းပညာသင်တန်း၊ လက်ရက်ကန်း၊ စက်ရက်ကန်းနှင့် ရိုးရာဂျပ်ခုတ်ဆိုင်ရာနည်းပညာသင်တန်း၊ စက်ချုပ်နည်းပညာသင်တန်း စသည်တို့အပါအဝင် နည်းပညာသင်တန်းများကို လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန် သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် သင်တန်းတွင် ထူးချွန်သူ၊ လုပ်ငန်းထူထောင်ရန်ဆန္ဒရှိသူ၊ အမြော်အမြင် ဗဟုသုတရှိသူတို့မှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ကူညီပံ့ပိုးပေးမှုဖြင့် လုပ်ငန်းများထူထောင်လာနိုင်သည်အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ငှက်ပျောနှင့် ဗေဒါအခြေခံတန်ဖိုးမြှင့် ထုတ်ကုန်နည်းပညာသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ




**အမရပူရ ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်း၌ ယနေ့နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့်ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့ ပူးပေါင်းဖွင့်လှစ်သည့် ငှက်ပျောနှင့်ဗေဒါအခြေခံတန်ဖိုးမြှင့်ထုတ်ကုန် နည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိမိစိုးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ ထို့နောက် သင်တန်းတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူ သင်တန်းသူများကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိမိစိုးနှင့်အဖွဲ့တို့က ဆုများချီးမြှင့်ပေးခဲ့ကြသည်။ ဆက်လက်ပြီး ယခုဖွင့်လှစ်သည့်သင်တန်းတွင် သင်တန်းဆရာများအဖြစ် Green Banana(Myanmar) ရန်ကုန်မှ ဦးမြင့်သိန်းနှင့်နည်းပြဆရာ ၆ ဦး တို့ကို အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးခဲ့သည်။ ထို့နောက် သင်တန်းသူမချယ်ရီဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

သင်တန်းဆင်းပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်မမ၊ ဥက္ကဋ္ဌဒေါ်မိမိစိုးနှင့်အဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားအပြီးတွင် သင်တန်းသား၊သင်တန်းသူများ၏ ငှက်ပျော၊ ဗေဒါချည်များ အသုံးပြုရက်လုပ်ထားသော လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **စိုးသီဟ**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။**(အပေါ်ဝဲပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၂၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ သောကမ္မာရုံတို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## တာချီလိတ်မြို့၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေး အသိပညာပေး

**တာချီလိတ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်လူမှုဝန်ထမ်းရုံး(မူကြို) ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်စန္ဒာထွန်းက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး Video Clip ကို ပြသသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူးအောင်ကျော်ဇင်က ဗီဒီယိုနှင့်ပတ်သက်၍ ဗဟုသုတအသိအမြင်များ၊ လူကုန်ကူးခံရခြင်း၏ အဓိကအကြောင်းအရာများ၊ လူကုန်ကူးခံရပါက ဆက်သွယ်တိုင်ကြားနိုင်သည့်နည်းလမ်းများ စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး ဆင့်ပွားအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းမှူးကြိုဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျာလင်း**

### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews-paper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၀)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီး လုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၉၂/၂၀၂၅

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

မတရားအသင်းအဖြစ်ကြေညာခြင်း

၁။ နိုင်ငံတော်ယာယီသမ္မတသည် ကရင်အမျိုးသားအစည်းအရုံး(Kayin National Union-KNU)နှင့် အဖွဲ့ဝင်များ၊ ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ အဖွဲ့အစည်းများနှင့် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေ စိုးမိုးရေးကို လည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို လည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုလည်းကောင်း အနှောင့်အယှက် အန္တရာယ်ဖြစ်စေသည်ဟု ယုံကြည်ယူဆသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်ယာယီသမ္မတသည် မတရားအသင်းများ အက်ဥပဒေ ပုဒ်မ ၁၆ အရ အထက်ဖော်ပြပါ အဖွဲ့၊ ယင်းအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းအဖြစ် ကြေညာလိုက်သည်။

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

## ကရင်အမျိုးသားအစည်းအရုံး(KNU)ကို အကြမ်းဖက်အုပ်စုအဖြစ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၂၅

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(c)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ကရင်အမျိုးသားအစည်းအရုံး(Kayin National Union-KNU)လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုဖြစ်သည့် အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက် အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်သည့် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လူနေထူထပ်သည့် မြို့ရွာများကို အဝေးမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ နိုင်ငံပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတော်အတွင်းအခြေပြု၍ အကြမ်းဖက်မှုများ ကျူးလွန်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အထက်ပါအကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် ကရင်အမျိုးသား အစည်းအရုံး (Kayin National Union-KNU)ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

## မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်အကြောင်းသိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့နှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ယနေ့ဆက်လက်ကျင်းပသည်။

### ဆွေးနွေးပြောကြား

ဆွေးနွေးပွဲဒုတိယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဟောက်ခန့်ဆုမ်းက ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်၊ ပင်လယ်နယ်နိမိတ် သတ်မှတ်ခြင်း ကိစ္စရပ်များ၏ အရေးပါမှုများနှင့် ဆွေးနွေးပွဲအပြီး မျှော်မှန်းချက်များကို ဆွေးနွေးပြောကြားသည်။




ဆွေးနွေးပွဲ ဒုတိယနေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ကျွမ်းကျင်သူကိုယ်စားလှယ်များက လူကိုယ်တိုင်ပါဝင်တက်ရောက်၍ လည်းကောင်း၊ မြန်မာသံရုံး၊ စင်ကာပူမြို့မှ သံအမတ်/ သံရုံးယာယီတာဝန်ခံက အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်၍လည်းကောင်း မြန်မာနိုင်ငံ၏ ပင်လယ်နယ်နိမိတ် ကိစ္စရပ်များကို ဥပဒေရေးရာနှင့် နည်းပညာရှုထောင့်တို့မှ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

နှစ်ရက်တာ ကျင်းပပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား လက်တွေ့ဆောင်ရွက်နေသည့် နယ်နိမိတ်ဆိုင်ရာ လုပ်ငန်းဆောင်တာများကို မျှဝေဆွေးနွေးပေးနိုင်သကဲ့သို့ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စိန်ခေါ်မှုများနှင့် အခက်အခဲများအပေါ် သဘောထားအမြင်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့သည်။ ဆွေးနွေးပွဲများအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်က ဆွေးနွေးပွဲတွင် အဓိကပါဝင်ဆွေးနွေးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

### ပိတ်သိမ်း

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲပိတ်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိဂုံးချုပ်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

တောင်ကြီး ဩဂုတ် ၂၈

ရှမ်းပြည်နယ် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ် တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဟိုပုံးမြို့ရှိ အဆိုပါရုံးနေရာ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးကြည်သိန်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဆန်း၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ရှမ်းပြည်နယ် တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အဆောက်အအုံသစ်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စု တရားသူကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေး အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်တို့က ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ်၊ လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့မာန်ဟုန် ကုမ္ပဏီလီမိတက်၏မန်နေဂျင်းဒါရိုက်တာက အဆောက်အအုံသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တရားရုံးနှင့် ဟိုပုံးမြို့နယ်တရားရုံး အဆောက်အအုံသစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ဖွဲ့မာန်ဟုန် ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာက ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးထံသို့ လွှဲပြောင်းပေးအပ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ဟိုပုံးမြို့နယ် တရားရုံးသည် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် မြို့ဦးကွက်သစ်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရုံးဝင်းတွင်တည်ရှိပြီး အလျား ၁၉၄ ပေ x အနံ ၇၃ ပေရှိ RCC နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ဘဏ္ဍာရန်ပုံငွေကျပ် ၂၁၇၈ ဒသမ ၄၆၈ သန်းဖြင့် ဖွဲ့မာန်ဟုန် ကုမ္ပဏီလီမိတက်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နောင်ချိုမြို့နယ် ဒေသခံပြည်သူများအား တွေ့ဆုံ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့သွားရောက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့သို့ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ယာယီနေရပ်စွန့်ခွာခဲ့ရပြီး နောင်ချိုမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်သောင်းကျန်းသူများကြောင့် အေးချမ်းတည်ငြိမ်လျက်ရှိသည့် မြို့ရွာများ များစွာပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် ကျောင်းသား ကျောင်းသူများပညာသင်ကြားမှုအခွင့်အလမ်းများ ဆုံးရှုံးခဲ့ရကြောင်း၊ နောင်ချိုမြို့ကို တပ်မတော်က ပြန်လည်သိမ်းပိုက်ပြီးနောက် ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား စနစ်တကျ ပြန်လည်လက်ခံကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာသင်ကြားရေးလုပ်ငန်းများကိုအင်တိုက်အားတိုက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုအချိန်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း၊ နောင်ချိုမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့်အတူ ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယခုနှစ်ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး မဲပေးခွင့်ရအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးရမည့်အပြင် ပြည်သူများအနေဖြင့်လည်း မဲပေးကြရန် လိုအပ်ပါကြောင်း၊ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" ကို အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်၍ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တားဖျက်ဆီးမည့်သူများကို ဥပဒေနှင့်အညီ ပူးပေါင်းဟန့်တားဆန့်ကျင်သွားရန်လိုအပ်ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဖျက်ဆီးခဲ့သည့် နေအိမ်များ၊ ရုံးဌာနအဆောက်အအုံများနှင့် လမ်းတံတားများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးဆောင်ရွက်ပေးနေသကဲ့သို့ ယခင်ကထက်ပိုမိုသာလွန်သော အခြေအနေသို့ရောက်ရှိအောင် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က နောင်ချိုမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုများအား အခြေခံစားသောက်ကုန် ငါးမျိုးထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် နောင်ချိုမြို့မရဲစခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တပ်ဖွဲ့ဝင်၊ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား၍ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိပြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ နောင်ချိုမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နောင်ချိုမြို့ ဘူတာရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ "ဟော်တော်ကျောင်းတိုက်"သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂိသအမှူးပြုသော နောင်ချိုမြို့ပေါ်ကျောင်း ၁၀ ကျောင်းမှ ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# 2025 Esports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၈

2025 Esports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။




ဂုဏ်ပြုချီးမြှင့်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆုရအားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဂုဏ်ပြုသည့် Yangon Galacticos Esports အားကစားအသင်းသည် မြန်မာနိုင်ငံကိုယ်စားပြုပြီး ဆော်ဒီအာရေဗျနိုင်ငံ ရီးယာဒ့်မြို့၌ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၃ ရက်အထိ ကမ္ဘာ့အဆင့် Esports World Cup ပြိုင်ပွဲ၏ PUBG Mobile ကစားနည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့ချန်ပီယံ ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းကြောင့် ယခုကဲ့သို့ အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ Esports အားကစားအဖွဲ့ချုပ်သည် သက်တမ်းအားဖြင့် နုနယ်လှသော်လည်း Esports အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ချုပ်၏အစီအစဉ်ဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ Esports အားကစားနည်းဖြင့် ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ မြန်မာနိုင်ငံ ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် အောင်မြင်မှုဆုတံဆိပ်များ ရယူပေးနိုင်ခဲ့ပြီး ဆုကြေးငွေများကို ချီးမြှင့်ခံခဲ့ရကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှု အရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းနိုင်ရေး Sustainable Development အတွက် မြန်မာပြည်တစ်ဝန်းမှ Esports ဝါသနာရှင် ရွက်ပုန်းသီး အားကစားသမားများကိုဖော်ထုတ်နိုင်ရန် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဆောင်ရွက်နိုင်ရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုသည်လာမည့် ဒီဇင်ဘာလအတွင်း ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း Esports အဖွဲ့ချုပ်၏ စီမံဆောင်ရွက်နိုင်မှု၊ Esports လက်ရွေးစင်အားကစားသမားများ၏ ကြိုးစားလေ့ကျင့်ယှဉ်ပြိုင်မှုများ၏ အကျိုးရလဒ်အနေဖြင့် မြန်မာနိုင်ငံတော်အလံကို နိုင်ငံတော်သီချင်းနှင့်အတူ ထိုင်းနိုင်ငံ၌ အလံတိုင်ထိပ်အရောက် လွှင့်ထူနိုင်မည်ဟု ယုံကြည် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌက ဆော်ဒီအာရေဗျနိုင်ငံ ရီးယာဒ့်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် 2025 Esports World Cup ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ၊ ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက 2025 Esports World Cup ပြိုင်ပွဲတွင် ဆုရရှိခဲ့သော အားကစားအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် သိန်း ၄၀၀ နှင့် အုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀၀ တို့ကို ချီးမြှင့်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုဆုငွေကျပ် သိန်း ၁၀၀ ချီးမြှင့်သည်။

ဆက်လက်၍ KBZ Group မှ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၈၀၀၀ အပါအဝင် အလှူရှင်များက အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး အလှူရှင်များ၏ ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ကျပ်သိန်း ၁၃၁၀၀ ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာအားကစား အဖွဲ့အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက 2025 Esports World Cup ပြိုင်ပွဲတွင် ဆုရရှိခဲ့သော အားကစားအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်ပြီး ဆုရအားကစားအဖွဲ့ကိုယ်စား မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

Yangon Galacticos Esports အားကစားအသင်းသည် မြန်မာနိုင်ငံ ကိုယ်စားပြုပြီး ကမ္ဘာ့အဆင့် Esports World Cup ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ကမ္ဘာ့ချန်ပီယံ ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်၍ မြန်မာ့အားကစားသမိုင်းတွင် အားကစားနည်းမျိုးစုံအနက် ပထမဆုံးနှင့် ကမ္ဘာ့အဆင့် ရွှေတံဆိပ်ရရှိခဲ့သည့်တစ်ခုတည်းသော အားကစားနည်းအဖြစ် မှတ်တမ်းတင် နိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ ကမ္ဘာ့အဆင့်တွင်ရင်ပေါင်တန်းယှဉ်ပြိုင် အနိုင်ရခဲ့ခြင်းသည် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့်အပြင် မျိုးဆက်သစ် မြန်မာလူငယ်များအတွက် စိတ်ခွန်အားတက်ကြွမှု ဖြစ်ပေါ်စေသဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ရွှေတံဆိပ်ဆုရ Esports အားကစားသမားများ အားလုံးနှင့် မြန်မာနိုင်ငံ Esports အဖွဲ့ချုပ် Founder နှင့် ဂုဏ်ထူးဆောင်နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား လည်းကောင်း၊ Esports အဖွဲ့ချုပ်အတွက် နှစ်စဉ်ငွေကျပ်သန်းပေါင်း ၄၀၀၀ ကျော် ထောက်ပံ့လှူဒါန်းခဲ့သော KBZ Bank နှင့် KBZ Group နာယကကြီး ဦးအောင်ကိုဝင်းအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိ

မုံရွာ ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ နည်းပြဆရာ ဆရာမများနှင့် တွေ့ဆုံပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ ကျောင်းအစည်းအဝေးခန်းမများ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



### ရှင်းလင်းတင်ပြ

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ချီးမြှင့်ငွေကျပ် ၁၀ သိန်းစီပေးအပ်ပြီး သင်ထောက်ကူပစ္စည်းများ အသုံးပြု၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Golden Mandalar Co.,Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျောက်ဆည်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သော မိုးစပါးစိုက်တောင်သူများထံ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်



နေပြည်တော် ဩဂုတ် ၂၈

ကျောက်ဆည်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် အကျုံးမဝင်သော မိုးစပါးစိုက်တောင်သူများထံ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကုလကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ သတ်မှတ်ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး ဆောင်ရွက်ပေးနေမှု၊ မျိုးစေ့ချကိရိယာနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်မှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သွင်းအားစုများ သုံးစွဲနိုင်မှ သီးနှံများ သတ်မှတ်ပန်းတိုင် အထွက်နှုန်း ရရှိမည်ဖြစ်ပြီး ပန်းတိုင်အထွက်နှုန်းရရှိမှသာ တောင်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်း စီးပွားရေးအဆင်ပြေမှသာ နိုင်ငံ့စီးပွားရေး အဆင်ပြေတိုးတက်လာမည်ဖြစ်သောကြောင့် ယခုစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများ ထောက်ပံ့ရာတွင် ဈေးနှုန်းအနေဖြင့် ရန်ကုန်အထိုင် ပြင်ပပေါက်ဈေး ယူရီးယား တစ်အိတ်လျှင် ငွေကျပ် ၁၀၂၀၀၀ ရှိပြီး ယခုစီမံကိန်းဖြင့် ဖြန့်ဝေသောဈေးနှုန်းသည် ရန်ကုန်အထိုင်ဈေး ငွေကျပ် ၈၉၅၀၀ ဖြစ်ကြောင်း၊ ရန်ကုန်အထိုင်ပြင်ပပေါက်ဈေး ကွန်ပေါင်းတစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ ရှိပြီး ယခုစီမံကိန်းဖြင့် ဖြန့်ဝေသောဈေးနှုန်းသည် ရန်ကုန်အထိုင်ဈေး ငွေကျပ် ၁၂၀၀၀၀ ဖြစ်ကြောင်း၊ သယ်ယူစရိတ်နှင့် နိုင်ငံတော်သို့ ပေးသွင်းရမည့် နှစ်ရာခိုင်နှုန်းအတိုးပါ ထည့်သွင်းတွက်ချက်မည်ဆိုပါက ယူရီးယားနှင့် ကွန်ပေါင်းတစ်အိတ် လျှင် တောင်သူများ လက်ဝယ်အရောက် ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ သက်သာမည်ဖြစ်ကြောင်း၊ သီးနှံပေါ်ပါက ယခုသွင်းအားစုတန်ဖိုးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ၊ သမဝါယမချေးငွေများ၊ မြစိမ်းရောင် ချေးငွေများကို အပြေအကျေ ပြန်ဆပ်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ မိုးစပါးစိုက်တောင်သူများအတွက် ယူရီးယား၊ ကွန်ပေါင်း သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနတို့၏ ယာယီရုံးများ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြစ်သားမြို့နယ် မြိုင်ကုန်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည့် မြိုင်ကုန်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဝါစိုက်တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိုင်ကုန်းလယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသားတောင်သူများ၏ မိုးကြိုဝါခူးဆွတ်နေမှုနှင့် မြစ်သားမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာရှစ်ရွာရှိ အိမ်ခြေ ၁၅၃၇ အိမ်၊ လူဦးရေ ၆၈၀၀ ကျော်ကို အကျိုးပြုပေးနိုင်မည့် အမှတ်(၄) ခရိုင်ပတ်လမ်း မြင်းခြံကုန်း-ခံတက္ကုန်း-နှမ်းခင်း-ရွှေစေတီကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၁၄) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ကျင်းပ



နေပြည်တော် ဩဂုတ် ၂၈

(၁၄) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှကိုယ်စားလှယ်များ၊ စာတမ်းရှင်သုတေသီများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာသူများက တိုင်းရင်းဆေးပညာရှင်များ၏ နဝရတ်ကတိသစ္စာကို သံပြိုင်ရွတ်ဆို၍ စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက တိုင်းရင်းဆေးသုတေသနများ ဆောင်ရွက်ရန် အားပေးနေချိန်တွင် အရှိန်အဟုန်မြှင့်၍ သုတေသနကျင့်ဝတ်နှင့်အညီ စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးထုတ်လုပ်သည့် လုပ်ငန်းများသည် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များတွင် ပါဝင်လျက်ရှိသဖြင့် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များအနေဖြင့် ဆေးနံ့သာတုပ်ကွေးအဖျားပျောက်ဆေးကဲ့သို့ စနစ်ကျစွာထုတ်လုပ်ရန်လိုကြောင်း၊ လုပ်ငန်းများဖွံ့ဖြိုးလာသည်နှင့်အညီ ရိုးရာအသိပညာကို ကာကွယ်ရေးအတွက် မူပိုင်ခွင့်ကိစ္စများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း။

စာတမ်းဖတ်ပွဲတွင် မန္တလေးလျှင်ကြီးဘေးဒဏ်သင့်ဒေသများရှိ ကျေးရွာနေပြည်သူများအား ကွင်းဆင်းဆေးကုသခြင်း၊ လေ့လာခြင်းနှင့် ပတ်သက်သည့်စာတမ်းများပါဝင်မည် ဖြစ်သဖြင့် ပြန်လည်အသုံးချနိုင်သော ပြည်သူ့ကျန်းမာရေး အကျိုးပြုသုတေသနရလဒ်များ ရရှိစေမည်ဖြစ်ကြောင်း၊ ဆွေးနွေးချက်များကို စနစ်တကျမှတ်တမ်းများထားရှိပြီး မိမိတို့မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိအသုံးချနိုင်ရေး ဆောင်ရွက်ကြရန်နှင့် သုတေသနတွေ့ရှိချက်များကို မျှဝေဖလှယ်ဆွေးနွေးညှိနှိုင်းကာ မြန်မာ့တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ ပြသထားသော သုတေသနပိုစတာများကို လှည့်လည်အားပေးကြည့်ရှုသည်။

စာတမ်းဖတ်ပွဲကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၈ ရက်မှ ၂၉ ရက်အထိကျင်းပ၍ သုတေသနစာတမ်းအစောင် ၂၀ နှင့် ပိုစတာ ငါးစောင်ကို ဖတ်ကြားပြသမည်ဖြစ်ပြီး မြန်မာ့တိုင်းရင်းဆေးဝါးများ၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ အာနိသင်ထိရောက်မှုကို စမ်းသပ်လေ့လာခြင်း၊ မြန်မာတိုင်းရင်းဆေးဝါးများ အသုံးပြုမှုကို ပြည်သူလူထုအတွင်း လေ့လာခြင်းစသည့် အကြောင်းအရာများကို ကျန်းမာရေးဝန်ကြီးဌာနသာမက နီးနွယ်ဆက်စပ်ဝန်ကြီးဌာနများဖြစ်သော ကာကွယ်ရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာနတို့က စာတမ်းများဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ အရိုးရောဂါအထူးကုဆေးရုံကြီး (မန္တလေး)ရှိခြေတုလက်တုနှင့်အားပြုကိရိယာအလုပ်ရုံ၌ မန္တလေးငလျင်ကြီးကြောင့် ခြေလက်ဆုံးရှုံးခဲ့ရသူများအား ခြေတုလက်တုများ တပ်ဆင်ပေးအပ်သည့်အခမ်းအနားသို့ တက်ရောက်ပြီး ဆေးနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး ခြေလက်အင်္ဂါဆုံးရှုံးခဲ့သူများအား နိုင်ငံတော်အကြီးအကဲ၏ စေတနာလမ်းညွှန်မှုဖြင့် အလုံးစုံတာဝန်ယူကူညီပံ့ပိုးပေးလျက်ရှိပြီး အရည်အသွေးကောင်းမွန်သော ခြေတုလက်တုများ တပ်ဆင်ခြင်းကို ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ(ရန်ကုန်)နှင့် အရိုးရောဂါအထူးကုဆေးရုံကြီး(မန္တလေး)တို့တွင် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ခြေလက်ဆုံးရှုံးသူ ၂၂ ဦးကို ပထမအသုတ်အဖြစ် တပ်ဆင်ကုသပြီးဖြစ်ပြီး ဒုတိယအသုတ်အဖြစ် ခြေတုလက်တုတပ်ဆင်ရန်အသင့်ဖြစ်သူ ၂၁ ဦးကို မန္တလေးနှင့် ရန်ကုန်တို့တွင် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဩဂုတ် ၂၀ ရက်က (၈၄) ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုအဖြစ်ဆောင်ရွက်ခဲ့သည့် လူနာနှင့် ကျောက်ကပ် အလှူရှင်တို့အား တွေ့ဆုံအားပေး၍ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အဆိုပါကျောက်ကပ်လူနာသည် အမရပူရမြို့နေ အသက် ၃၀ ရှိ အမျိုးသားဖြစ်ပြီး ကျောက်ကပ်အလှူရှင်သည် ၎င်း၏ဝမ်းကွဲညီဖြစ်သူ အသက် ၂၂ နှစ်ရှိ အမျိုးသားဖြစ်ကာ ၎င်းတို့၏ ကျန်းမာရေး အခြေအနေကောင်းမွန်လျက်ရှိသည်။

ထို့နောက် ပြတ်တောက်သွားသည့် ဘယ်ဘက်လက်ဖျံကိုပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှုခံယူခဲ့သည့်လူနာအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဘယ်ဘက်လက်ဖျံပြတ်တောက်ခဲ့သူ လူနာသည် ကျောက်ဆည်မြို့နေ အသက် ၄၀ ရှိ အမျိုးသားဖြစ်ပြီး လက်ပြန်ဆက်သည့် ခွဲစိတ်ကုသမှုကို ဩဂုတ် ၁၉ ရက် ည ၁၀ နာရီ ၅ မိနစ်မှ စတင်ကာ ၇ နာရီနီးပါးကြိုးစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ခွဲစိတ်ပြီးလက်၏သွေးလှည့်ပတ်မှုမှာ တိုးတက်ကောင်းမွန်လျက်ရှိပြီး လက်လှုပ်ရှားမှုများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင် ၂၆ ဦး တက်ရောက်မည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အခမ်းအနား ဗိုလ်ရှုသဘင် ကျင်းပမည်

ပေကျင်း ဩဂုတ် ၂၈

တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၃ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည်ဖြစ်ပြီး ဗိုလ်ရှုသဘင်ကျင်းပရန်အတွက် ထျန်းအန်းမင်ရင်ပြင်၌ အထွေထွေလေ့ကျင့်မှုများ ယေဘုယျအားဖြင့် ပြီးစီးပြီဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက ပေကျင်းမြို့ မီဒီယာစင်တာဟိုတယ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ဗိုလ်ရှုသဘင်၌ စနစ်တကျဖွဲ့စည်းထားသည့် စစ်သည်တော်များ၊ လက်နက်များမှာ အလွန်ပမာဏများပြား ပြည့်စုံ၍ ခေတ်သစ်ပြည်သူ့တပ်မတော်၏ နိုင်ငံရေး၊ အင်အားနှင့် ခေတ်မီတည်ဆောက်ခြင်းတို့အား စုစည်းဖော်ထုတ်မှုပင်ဖြစ်ကြောင်း ဗိုလ်ရှုခံအခမ်းအနား ဦးဆောင်အဖွဲ့ရုံး ဒုတိယဥက္ကဋ္ဌ တရုတ်ဗဟိုစစ်ရေးကော်မရှင် ပူးတွဲစစ်ဦးစီးဌာန စစ်ဆင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ် Wu Zeke က သတင်းထောက်များကို ပြောကြားသည်။

ယခုနှစ် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အထိမ်းအမှတ်




ဆောင်ပုဒ်မှာ "သမိုင်းကို စွဲမြဲစွာမှတ်မိခြင်း၊ သူရဲကောင်းအာဇာနည်များကို အောက်မေ့ခြင်းနှင့် ငြိမ်းချမ်းရေးကို တန်ဖိုးထား၍ အနာဂတ်အရေးကို ဖန်တီးခြင်း" ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဟောင်လှဲ့က ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ရုရှားနိုင်ငံ၊ မြောက်ကိုရီးယားနိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ မြန်မာနိုင်ငံ စသည့်ကမ္ဘာ့နိုင်ငံပေါင်း ၂၆ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင် ၂၆ ဦး တက်ရောက်မည်ဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူက ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံအသီးသီးမှ လွှတ်တော်အကြီးအကဲများ၊ ဒုတိယဝန်ကြီးချုပ်များနှင့် အဆင့်မြင့်ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိအကြီးအကဲများလည်း တက်ရောက်မည်ဖြစ်ရာ တက်ရောက်သည့် ထိပ်သီးဧည့်သည်တော်များမှာ ရာထူးအဆင့်အတန်းမြင့်မားခြင်း၊ ကမ္ဘာ့တိုက်ကြီးငါးတိုက်မှ ခိုင်မာသည့် ကိုယ်စားပြုမှုရှိသောအစိုးရနှင့် အရပ်ဘက်ပုဂ္ဂိုလ်များ ပါဝင်ခြင်းနှင့် ကျယ်ပြန့်သောပူးပေါင်းမှုရှိခြင်းဟူသည့် အဓိကထူးခြားချက် သုံးရပ်ရှိကြောင်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီးက ရှင်းလင်းပြောကြားသည်။

စက်တင်ဘာ ၃ ရက်ညနေပိုင်းတွင် အခမ်းအနားအောင်ပွဲပဒေသာကပွဲကြီးကို ပြည်သူ့ခန်းမဆောင်ကြီး၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံ့ခေါင်းဆောင်များ၊ စစ်ပွဲအတွင်းပါဝင်ခဲ့သည့် အငြိမ်းစားစစ်သည်တော်ကြီးများနှင့် လူထုကိုယ်စားလှယ်များစသည်ဖြင့် အလွှာပေါင်းစုံမှ ပဒေသာကပွဲသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ခင်ရတနာ

# ပိုမိုနီးကပ်သော စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစေရန် တရုတ်-အရှေ့မြောက်အာရှ ကုန်စည်ပြပွဲပလက်ဖောင်းကို အသုံးချသွားမည်

ပေကျင်း ဩဂုတ် ၂၈

တရုတ်နိုင်ငံသည် မူဝါဒပေါင်းစပ်ညှိနှိုင်းမှုများ တိုးတက်စေရန်၊ ပိုမိုနီးကပ်သော စီးပွားရေး ဆက်ဆံမှုများ ဖန်တီးရန်နှင့် အရှေ့မြောက်အာရှနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစေရန်အတွက် တရုတ်-အရှေ့မြောက်အာရှ ကုန်စည်ပြပွဲပလက်ဖောင်းကို အသုံးချသွားမည်ဟု အကြီးတန်းအစိုးရအရာရှိများက ပြောကြားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



အရှေ့မြောက်တရုတ်နိုင်ငံ၊ ကျီလင်ပြည်နယ်၊ ချန်းချွန်းမြို့တွင် ဩဂုတ်လနှောင်းပိုင်းမှ စတင် ကျင်းပသော(၁၅)ကြိမ်မြောက် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား၌ တရုတ်နိုင်ငံ၏ မြင့်မားသောအဆင့် ပွင့်လင်းမှုအတွက် မဆုတ်မနစ် တွန်းအားပေးမှုသည် ၎င်း၏ကိုယ်ပိုင် ဖွံ့ဖြိုးတိုးတက်မှုအတွက် နေရာအသစ်များဖန်တီးပေးရုံသာမက အရှေ့မြောက်အာရှနိုင်ငံများက တရုတ်၏တိုးတက်မှု အကျိုးကျေးဇူးများကို ဝေမျှခံစားနိုင်ရန် ပိုမိုကြီးမားသော အခွင့်အလမ်းများကိုလည်း ပေးအပ်မည်ဟု ၎င်းတို့က ပြောကြားခဲ့ခြင်းဖြစ်သည်။

အရှေ့မြောက်အာရှတွင် တရုတ်၊ ရုရှား၊ မွန်ဂိုလီးယား၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ ပါဝင်ပြီး အဆိုပါဒေသသည် အဆင်ပြေသော သယ်ယူပို့ဆောင်ရေးအခြေအနေများရှိပြီး ကျယ်ပြန့်သော နေရာဒေသနှင့်အတူ ကြွယ်ဝသော လူသား၊ သတ္တုတူးဖော်ရေးနှင့် ရေထွက်ပစ္စည်းအရင်းအမြစ်များ၊ ခိုင်မာသော စက်မှုစွမ်းရည်များလည်း ပိုင်ဆိုင်ထားသည်။

ကိုယ်ပိုင်အားသာချက်များရှိသည့် အရှေ့မြောက်အာရှ စီးပွားရေးများက ကမ္ဘာပေါ်ရှိ အထက်မြက်ဆုံးဒေသများထဲမှ တစ်ခုကို ဖွဲ့စည်းထားသည်ဟု တရုတ်ပြည်သူ့နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကွန်ဖရင့် အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ဟူချွင်ဟွာက ပြောကြားသည်။

တရုတ်နိုင်ငံသည် ဒေသတွင်း တိုးတက်မှုကို မြှင့်တင်ရန်၊ စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းညှိနှိုင်းမှုကို ပိုမိုနက်ရှိုင်းစေရန်နှင့် စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရန်အတွက် အခြားအရှေ့မြောက် အာရှနိုင်ငံများနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဟုလည်း ၎င်းကထည့်သွင်း ပြောကြားကြောင်း သိရသည်။

Mon

# ကျောင်းခန်းများတွင် မိုဘိုင်းဖုန်းနှင့် အခြားဒစ်ဂျစ်တယ်ကိရိယာများ အသုံးပြုခြင်းကိုတားမြစ်ရန် တောင်ကိုရီးယား၌ ဥပဒေကြမ်းအတည်ပြု

ဆိုးလ် ဩဂုတ် ၂၈

တောင်ကိုရီးယားသည် လူငယ်များအကြား ဆိုရှယ်မီဒီယာ အလွန်အကျွံအသုံးပြုခြင်း၏ သက်ရောက်မှုအပေါ် စိုးရိမ်မှုများ တိုးလာနေချိန်တွင် တစ်နိုင်ငံလုံးရှိ ကျောင်းခန်းများတွင် မိုဘိုင်းဖုန်းနှင့် အခြားဒစ်ဂျစ်တယ်ကိရိယာများ အသုံးပြုခြင်းကို တားမြစ်သည့် ဥပဒေကြမ်းတစ်ရပ်ကို ဩဂုတ် ၂၇ ရက်က အတည်ပြုခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လာမည့်နှစ်မတ်လမှ စတင်အသက်ဝင်မည့် ယင်းပိတ်ပင်မှုကြောင့် တောင်ကိုရီးယားသည် အရွယ်မရောက်သေးသူများအကြား စမတ်ဖုန်းနှင့် ဆိုရှယ်မီဒီယာအသုံးပြုမှုကို ကန့်သတ်သည့် နောက်ဆုံးနိုင်ငံဖြစ်လာသည်။

ဩစတြေးလျသည် ဆယ်ကျော်သက်များအတွက် ဆိုရှယ်မီဒီယာ ပိတ်ပင်မှုမကြာသေးမီက အကောင်အထည်ဖော်ခဲ့သည်။ ဇူလိုင်လတွင် ပြုလုပ်ခဲ့သည့် လေ့လာမှုတစ်ခုအရ နယ်သာလန်နိုင်ငံရှိ ကျောင်းများတွင် မိုဘိုင်းဖုန်း ပိတ်ပင်မှုသည် ကျောင်းသားများအကြား အာရုံစူးစိုက်မှုကို ပိုမိုကောင်းမွန်စေကြောင်း တွေ့ရှိရသည်။

အမေရိကန်စစ်တမ်းများအရ တောင်ကိုရီးယားသည် ကမ္ဘာပေါ်တွင် ဒစ်ဂျစ်တယ်စနစ်နှင့် အချိတ်အဆက်ဆုံး နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး တောင်ကိုရီးယားလူမျိုး ၉၉ ရာခိုင်နှုန်းမှာ အင်တာနက်အသုံးပြုသူများဖြစ်ကာ ၉၈ ရာခိုင်နှုန်းမှာ စမတ်ဖုန်း ပိုင်ဆိုင်ကြရာ ယင်းမှာ ၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်တွင် စစ်ဆေးခဲ့သည့် နိုင်ငံ ၂၇ နိုင်ငံအနက် အမြင့်ဆုံးနှုန်းဖြစ်ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ




# တရုတ်နိုင်ငံ ရှန်ဟိုင်းအခြေစိုက် ဗိုလန့်အဲးရိုးတက်ကုမ္ပဏီမှ အီးဗိုတယ်လေယာဉ် ၁၀ စင်းအတွက် အတည်ပြုအမှာစာရရှိ

ပေကျင်း ဩဂုတ် ၂၈

တရုတ်နိုင်ငံ ရှန်ဟိုင်းအခြေစိုက် လျှပ်စစ်လေကြောင်း တက္ကစီထုတ်လုပ်သည့် ဗိုလန့်အဲးရိုးတက်ကုမ္ပဏီသည် တရုတ်စိုက်ပျိုးရေးဘဏ်၏ လက်အောက်ခံဖြစ်သော အေဘီစီဘဏ္ဍာရေးအငှားကုမ္ပဏီနှင့် ၎င်း၏လျှပ်စစ်ဒေါင်လိုက် ပျံတက်ဆင်းသက်နိုင်သော အီးဗိုတယ်လေယာဉ် ၁၀ စင်းအတွက် အတည်ပြုအမှာစာကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

စုစုပေါင်း အမှာစာတန်ဖိုး ယွမ် ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၁၉ သန်း)ရှိသည့် ယင်းလက်မှတ်ရေးထိုးမှုသည် ယခင်က ကမ္ဘာ့တစ်ဝန်းတွင် ပထမဆုံးသော အီးဗိုတယ် လေယာဉ်များအတွက် အတည်ပြုအမှာစာများဟု ယူဆရသည်။

လေးနှစ်အကြာက တည်ထောင်ခဲ့ချိန်မှစ၍ အဆိုပါကုမ္ပဏီအနေဖြင့် အဆင့်မြင့်လူစီးအီးဗိုတယ်လေယာဉ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်ခဲ့သည်။

၎င်း၏ အဓိကထုတ်ကုန်ဖြစ်သည့် စကိုင်လာဟု အမည်ပေးထားသော လူ ၆ ယောက်စီး ဗွီအီး၂၅-၁၀၀မော်ဒယ်သည် အမြင့်ဆုံးပျံတက်အလေးချိန် ကီလိုဂရမ် ၂၅၀၀နှင့် အမြင့်ဆုံးကုန်တင်နိုင်မှု ကီလိုဂရမ် ၅၀၀ ရှိသည့် ပေါင်းစပ်အတောင်ပံပုံစံပါဝင်ကြောင်း သိရသည်။ Mon



တပ်မတော်စစ်ကြောင်းများက ဖယောင်းတောင်သတ္တုတွင်းနှင့် အယ်လ်ဖာဘီလပ်မြေစက်ရုံအား ပြန်လည်ထိန်းချုပ်မှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ပုသိမ်ကြီးမြို့နယ်ရှိ အယ်လ်ဖာဘီလပ်မြေစက်ရုံအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

○ စာမျက်နှာ ၂၄ မှ

ထို့ပြင် စိတ်ကူးယဉ်စစ်ရေးအိပ်မက်တစ်ခုဖြစ်သည့် နိုင်ငံ၏ ကုန်စည်ကူးသန်းမှုနှင့် လမ်းပန်းဆက်သွယ်မှု အချက်အချာတစ်ခုဖြစ်သည့် မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက်လည်း TNLA လက်နက်ကိုင် အကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းကာ ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ကြံစည်လုပ်ဆောင်လာခဲ့သည်။




















TNLA နှင့် MDY – PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့် အလောင်းများ မှတ်တမ်းဓာတ်ပုံ။

NUG သည် မန္တလေး၊ စစ်ကိုင်းနှင့် မိတ္ထီလာ လွင်ပြင်တို့မှ လူငယ်လူရွယ်များ၊ DCS ပြုလုပ်သည့် သစ္စာဖောက် ဝန်ထမ်းများကို မက်လုံးပေးစည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများ ပို့ချကာ MDY – PDF အမည်ခံအကြမ်းဖက်သမားများအဖြစ် မွေးထုတ်ခြင်း၊ ဖြစ်သည့်နည်းဖြင့်အဓမ္မအင်အားစုဆောင်းခြင်း၊ လှုံ့ဆော်အားပေးခြင်းနှင့်အတူ TNLA အကြမ်းဖက် အဖွဲ့များကပါ ပူးပေါင်း၍ ၎င်းတို့၏ စိတ်ကူးယဉ်စစ်ရေးအိပ်မက်ဖြစ်သော မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစ၍ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး ဆက်စပ်ဒေသများ၌ ရှမ်း-မန်း စစ်ဆင်ရေးအမည်ဖြင့် စစ်ရေး အကြမ်းဖက်မှုများကို စတင် ဖော်ဆောင်လာခဲ့ကြသည်။ ၎င်းတို့သည် မန္တလေးမြို့အား အလုံးစုံ သိမ်းယူရရှိနိုင်ရေး အတွက် မတ္တရာစစ်ကြောင်း၊ ပုသိမ်ကြီးစစ်ကြောင်း၊ ပြင်ဦးလွင်စစ်ကြောင်း စသည့်စစ်ကြောင်းများ သတ်မှတ်ကာ မန္တလေးသို့ ဦးတည်၍ တိုက်ကွက်များဖော်ဆောင်လာခဲ့သည်။ ထိုသို့လုပ်ဆောင်လာစဉ် မိုးကုတ်-သပိတ်ကျင်း- မတ္တရာ - မန္တလေး လမ်းကြောင်း တစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့/ရွာများနှင့် နိုင်ငံအကျိုးပြု အစိုးရနှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများတွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်းများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)စစ်ရေးလှုပ်ရှားမှုနှင့်အပြိုင် လုပ်ဆောင်လာခဲ့ကြပြီး မန္တလေးသို့ ရောက်ရှိနိုင်ရေး ကြိုးပမ်းလာခဲ့ကြသည်။

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ သာလွန်အင်အားများဖြင့် တိုက်ကွက် ဖော်ဆောင်လာခဲ့မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့/ရွာများနှင့် နိုင်ငံအကျိုးပြု စက်ရုံ၊ အလုပ်ရုံများ ၎င်းတို့လက်အောက်သို့ကျရောက်မှုမရှိစေရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာ အပြင်းအထန်ခုခံခဲ့ကြသော်လည်း အကြမ်းဖက်သမားများအနေဖြင့် လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား အဓမ္မဖြိမ်းခြောက် လူသစ်စုခြင်းဖြင့် သာလွန်အင်အား ဖန်တီးလာခြင်း၊ လူသားတံတိုင်းအဖြစ် အသုံးပြုတိုက်ခိုက်လာခြင်း တို့ကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှုများပြားလာကာ ပြည်သူလူထု၏ နေအိမ်များ၊ နိုင်ငံအကျိုးပြုစက်ရုံ အလုပ်ရုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံး ဖြစ်စေရေးတို့အတွက် ကြားခံစစ် အဆင့်ဆင့်ဖြင့် စနစ်တကျ ဆုတ်ခွာပေးပြီး မတ္တရာဒေသ၌ အချိန်ကာလတစ်ခုအထိ မဆုတ်တမ်းခံစစ်စည်း သတ်မှတ်၍ စနစ်တကျဟန့်စစ်ဆင်ခြင်းနှင့် တန်ပြန် သွေးတိုးစမ်းတိုက်ခိုက်ချေမှုန်းခြင်းများ ပြုလုပ်ခဲ့သည်။ မတ္တရာဒေသ၏ အရှေ့ဘက်ရှိ TNLA နှင့် MDY – PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေဖြင့် မန္တလေးသို့ ရောက်ရှိနိုင်ရေး မတ္တရာဒေသအား အလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်သားများ၏ လှေခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက်၊ ဒေသခံပြည်သူများ အတွက် စွန့်လွှတ်စွန့်စားစွာဖြင့် အပြင်းအထန် ဟန့်စစ်ဆင်ခုခံမှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်စစ်မှာ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း မတ္တရာမြို့၏ မြောက်ဘက် ရေနံ့သာကျေးရွာတစ်ဝိုက်၊ အရှေ့ဘက်ရှိ နိုင်ငံအကျိုးပြု အယ်လ်ဖာ ဘီလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းနေရာ တစ်ဝိုက်တို့တွင် ရပ်တန့်သွားခဲ့သည်။

ထိုသို့ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုရပ်တန့်ချိန်အတွင်း အကြမ်းဖက်သမားများ အနေဖြင့် ယင်းဒေသတစ်ဝိုက်ရှိ ကျေးရွာများမှ ပြည်သူပိုင်ပစ္စည်းဥစ္စာများကို ဖောက်ထွင်းယူဆောင်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများမှ စက်ပစ္စည်းကိရိယာများ၊ ယာဉ်ယန္တရားများ၊ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ စက်ရုံထုတ်ကုန်ကြမ်း၊ ကုန်ချောများကို အသုံးပြု၍ စစ်ရေးပြင်ဆင်ခြင်း၊ ကိုယ်ကျိုးစီးပွားအတွက် အသုံးချခြင်းနှင့် နိုင်ငံ့အဖိုးတန်ထုတ်လုပ်ပြီး သတ္တုတွင်းထွက် ရတနာပစ္စည်း အရိုင်းများကို ထုတ်ယူရောင်းချ၍ ကိုယ်ကျိုးစီးပွားဆောင်ရွက်ခြင်း စသည့် အဖျက်အမှောင့် လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

TNLA နှင့် MDY – PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေဖြင့် NUG ၏ တွန်းအားပေးမှုနှင့်အတူ မတ္တရာဒေသကို အပြီးတိုင်သိမ်းပိုက်နိုင်ရေး အယ်လ်ဖာ ဘီလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းနေရာ၌ အခိုင်အမာခြေကုပ်ယူ၍ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၈ ရက်မှစ၍ မတ္တရာဒေသအရှေ့ဘက် မြကန်သာကျေးရွာရှိ အင်အားနည်း

စာမျက်နှာ ၉ သို့ ○

○ စာမျက်နှာ ၈ မှ

ကာကင်းစခန်းတစ်ခုကို သာလွန်အင်အား အသုံးပြုတိုက်ခိုက်ခဲ့ရာ အဆိုပါ ကာကင်းစခန်းအနေဖြင့် ဇူလိုင် ၂၀ ရက်ညပိုင်းတွင် ဗျူဟာအရ ခေတ္တခွာစစ်ဆင်၍ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ကြိုတင်စုဖွဲ့ထားသည့်အဓိက ချေမှုန်းရေးတပ်များက အမြောက်၊ လက်နက်ကြီး ပစ်ကူဖြင့် ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ကစဥ့်ကလျား ဆုတ်ခွာထွက်ပြေးခဲ့သည်။






တပ်မတော်စစ်ကြောင်းများက ပုသိမ်ကြီးမြို့နယ် ဖယောင်းတောင်သတ္တုတွင်းနေရာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှုမှတ်တမ်းဓာတ်ပုံ။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ နေရာယူစုဖွဲ့ထားသည့် နိုင်ငံအကျိုးပြုစက်ရုံ၊ အလုပ်ရုံများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ် ရရှိနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ အသေးစိတ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၁ ရက်မှစ၍ မတ္တရာဒေသတစ်ဝိုက်ရှိ အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာစုဖွဲ့ထားသည့် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းတို့အား အပြီးတိုင်ချေမှုန်းသုတ်သင်ရန် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး စတင်ဆောင်ရွက်ခဲ့ရာ မတ္တရာ-ဘိုကုန်း - ကျောက်တံတားဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ မြကန်သာ ကျေးရွာဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ပန်းစလောင်းတောင်ဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ဘိုင်ပင်ရွာဘက်မှ စစ်ကြောင်းတစ်ကြောင်း စသည်ဖြင့် စစ်ကြောင်းလေးကြောင်း ဖြန့်၍ တန်ပြန်တိုက်စစ်များ အရှိန်အဟုန်မြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ၏ အပြည့်အဝအားပေးထောက်ခံမှု၊ တိုက်ပွဲဝင်အရာရှိ စစ်သည်များ၏ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ် ပြင်းပြမှုတို့ဖြင့် စစ်နည်းဗျူဟာမြောက် "ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း" ခြင်းအား အဆင့်ဆင့်ပေါင်းစပ်၍ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏ နေရာများဖြစ်သော ကွန်ကရစ်ဘန်ကာများ၊ မြေအောက်ကတုတ်ကျင်းများ၊ မြေခွေးကျင်းများဖြင့် တည်ဆောက်ထားသည့် အခိုင်အမာနေရာအသီးသီးကို အဆင့်ဆင့်တိုက်ခိုက် ချေမှုန်းနိုင်ခဲ့သဖြင့် ဩဂုတ် ၂၄ ရက်တွင် MDY-PDF အမည်ခံအကြမ်းဖက်သမားများ အခိုင်အမာစုဖွဲ့ ထိန်းချုပ်ထားသည့် ဖယောင်းတောင်သတ္တုတွင်းဒေသအား လည်းကောင်း၊ ဩဂုတ် ၂၈ ရက် (ယနေ့)တွင် အယ်လ်ဖာဘိလပ်မြေ စက်ရုံအားလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှု အနည်းဆုံး၊ စက်ရုံ၊ အလုပ်ရုံများပျက်စီးမှုအနည်းဆုံးဖြင့် အောင်မြင်စွာ ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများစွာဖြင့် မတ္တရာဒေသမြောက်ဘက်ခြမ်းသို့ ကစဥ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရာ စစ်ဆင်ရေးကာလတစ်လ ခုနစ်ရက်အတွင်း TNLAနှင့် MDY - PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့နှင့် တိုက်ပွဲကြီးငယ် ၂၄ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အကြမ်းဖက် သောင်းကျန်းသူများထံမှ အလောင်း ၁၅ လောင်း၊ လက်နက်မျိုးစုံ ၄၆ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများစွာ သိမ်းဆည်းရမိခဲ့သည်။

ထိုသို့ တိုက်ခိုက်သိမ်းပိုက်စဉ် TNLA နှင့် MDY - PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့သည် ၎င်းတို့၏အခိုင်အမာနေရာများအား အယ်လ်ဖာဘိလပ်မြေစက်ရုံမှ ထွက်ရှိပြီး ဘိလပ်မြေများ၊ အယ်လ်ဖာတံဆိပ်ပါ ဘိလပ်မြေအိတ်ခွံ အမြောက်အမြားကို အသုံးပြု၍ ကွန်ကရစ်ဘန်ကာများ၊ မြေခွေးကျင်းများနှင့် ဆက်သွယ်ရေးမြောင်းများကို တည်ဆောက်တံ့ပြန်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ အခိုင်အမာနေရာများ ပြုလုပ်၍ တပ်မတော် စစ်ကြောင်းများကို အဆင့်ဆင့်ပိတ်ဆို့တိုက်ခိုက်သော်လည်း တပ်မတော်စစ်ကြောင်းများက စက်ရုံနှင့်သတ္တုတွင်းနေရာများ ပြန်လည်သိမ်းပိုက်ရာတွင် စက်ရုံ၊ အလုပ်ရုံနေရာများရှိ အဆောက်အအုံများနှင့်စက်ပစ္စည်းကိရိယာများ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေး ဂရုပြု၍ ကန့်သတ်ချက်များကြားမှ ထိန်းထိန်းသိမ်းသိမ်းဖြင့် တိုက်စစ်ဆင်ခဲ့ရသည်။

အယ်လ်ဖာ ဘိလပ်မြေစက်ရုံသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဒဟတ္တောကျေးရွာအုပ်စု အောင်သပြေကျေးရွာအနီးတွင် တည်ရှိပြီး ၂၀၁၇ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများစတင်ခဲ့ကာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ထုတ်လုပ်မှုများ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းစက်ရုံတွင် နိုင်ငံခြားသား ပညာရှင် ၈၀ ၊ ပြည်တွင်းလုပ်သား ၃၀၀ တို့ဖြင့် လည်ပတ်လျက်ရှိပြီး တစ်နေ့လျှင် ဘိလပ်မြေ တန်ချိန် ၅၀၀၀ ထွက်ရှိကာ ဒေသတွင်းဘိလပ်မြေလိုအပ်ချက်များကို များစွာဖြည့်ဆည်းပေးလျက်ရှိသည့် စက်ရုံတစ်ရုံဖြစ်သည်။ အဆိုပါ ဘိလပ်မြေစက်ရုံအား အကြမ်းဖက်အဖွဲ့များက အခိုင်အမာနေရာအဖြစ် အင်အားစုဖွဲ့နေသည့်အချိန်တွင် စက်ရုံလည်ပတ်နိုင်ခြင်းမရှိသည့်အတွက် ဒေသတွင်း ဘိလပ်မြေလိုအပ်ချက်များပြားပြီး ဈေးနှုန်းကြီးမြင့်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးသည့်အခြေအနေများကို ဒေသခံပြည်သူများအနေဖြင့် ခက်ခဲစွာရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးမြို့ရှိ

စာမျက်နှာ ၁၀ သို့ ○





TNLA နှင့် MDY - PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က ဘိလပ်မြေစက်ရုံဝင်းအတွင်း အယ်လ်ဖာဘိလပ်မြေစက်ရုံမှ ထွက်ရှိပြီး ဘိလပ်မြေများ၊ အယ်လ်ဖာတံဆိပ်ပါ ဘိလပ်မြေအိတ်ခွံအမြောက်အမြားအသုံးပြု၍ အခိုင်အမာနေရာများ ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။





TNLA နှင့် MDY - PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ တည်ဆောက်ထားသည့် အခိုင်အမာနေရာများကို တွေ့ရစဉ်။







TNLA နှင့် MDY - PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့က ဘိလပ်မြေစက်ရုံရှိ အဆောက်အအုံများနှင့်ယာဉ်များကို ဖျက်ဆီးခဲ့မှုမှတ်တမ်းဓာတ်ပုံ။

○ စာမျက်နှာ ၉ မှ

အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများပြားခဲ့ပြီး အဆိုပါ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ဘိလပ်မြေလိုအပ်ချက်များစွာဖြစ်ပေါ်ခဲ့ရာ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများအပေါ် ထိခိုက်နစ်နာမှု များစွာဖြစ်ပေါ်စေခဲ့သည်။

အလားတူ ဖယောင်းတောင်သတ္တုတွင်း(ရွှေသန့်စင်)လုပ်ငန်းကို သတ္တုတွင်းဝန်ကြီးဌာနက ၁၉၈၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နိုင်ငံ့အကျိုးစီးပွားအတွက် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၈ ခုနှစ်နောက်ပိုင်းတွင် ပုဂ္ဂလိကပိုင်စက်ရုံအဖြစ် လုပ်ငန်းငှားရမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါသတ္တုတွင်းလုပ်ငန်း အနေဖြင့် နိုင်ငံ့အဖိုးတန်ရွှေသတ္တုအရိုင်းများကို ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်းလုပ်ငန်းများဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုလျက်ရှိသကဲ့သို့ ဝန်ထမ်းပေါင်း ၁၇၀ ကျော်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိသည့် အကျိုးပြုလုပ်ငန်းတစ်ခုဖြစ်သည်။ TNLA နှင့် MDY-PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ ခေတ္တစိုးမိုးထားသည့်အချိန်အတွင်း လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်သွားခဲ့ရခြင်း၊ နိုင်ငံ့အဖိုးတန်ထုတ်လုပ်ပြီး သတ္တုတွင်းထွက်ပစ္စည်းအရိုင်းများကို ထုတ်ယူရောင်းချ၍ PDF ခေါင်းဆောင်အသီးသီးက ကိုယ်ကျိုးစီးပွား ဆောင်ရွက်ခြင်းတို့ကြောင့် နိုင်ငံတော်၊ ပြည်သူလူထုနှင့် စက်ရုံဝန်ထမ်းများအတွက် များစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ယခုအခါ TNLA နှင့် MDY - PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ ခေတ္တစိုးမိုးထားသည့် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းလုပ်ငန်းကို တပ်မတော်က ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ပြီးဖြစ်သည့်အတွက် အကြမ်းဖက်အဖွဲ့များ ဖျက်ဆီးခဲ့သည့် စက်ရုံ အဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများကို လိုအပ်သည့် ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်၍ စက်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်ပါ၍ ဒေသတွင်း ဘိလပ်မြေ လိုအပ်ချက်များကို ဈေးနှုန်းသက်သာစွာ ပြန်လည်ဖြည့်ဆည်းပေးနိုင်မည့် အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်တော့မည်သည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် မတ္တရာနှင့် သပိတ်ကျင်းမြို့နယ်အကြား TNLA နှင့် MDY-PDF အမည်ခံအကြမ်းဖက်သမားပူးပေါင်းအဖွဲ့များ ကျန်ရှိနေသေးသည့် နေရာများကို ဆက်လက်နယ်မြေရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရှိရပြီး နယ်မြေရှင်းလင်းခြင်းနှင့်အတူ နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင် အဖိုးတန်သတ္တုတွင်းထွက် ပစ္စည်းများထွက်ရှိရာနေရာများ၊ စက်ရုံ၊ အလုပ်ရုံများကိုလည်း ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

◎ စာမျက်နှာ ၂၄ မှ

၅။ ပြင်ပမှဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့်သူများသည် သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများတွင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းများနှင့် လျှောက်လွှာများဝယ်ယူပြီး ဖြေဆိုခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင် အဆိုပါငွေသွင်းတံဆိပ်ခေါင်းကပ်၍မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အတွင်း တင်သွင်းကြရမည် ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားတို့တွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါသဖြင့် မိမိတို့ဖြေဆိုမည့် ဘာသာတွဲအလိုက်ပုံစံများ မှန်ကန်မှု ရှိ/မရှိ သေချာစွာစစ်ဆေးပြီး ဖြေဆိုမည့်သူကိုယ်တိုင် ဖြည့်စွက်လျှောက်ထားကြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန



## ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအခမ်းအနား ကျင်းပ

**မကွေး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို မကွေးမြို့ အခြေခံပညာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက အ·ထ·က(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများအားလုံး ကျန်းမာသန့်စွမ်းပြီး အာဟာရပြည့်ဝရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရေးအတွက် ပညာရေးနှင့်ကျန်းမာရေး အပါအဝင် ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရန်၊ မူလတန်းကျောင်းသား၊ ကျောင်းသူများ၏ ကြီးထွားဖွံ့ဖြိုးကျန်းမာမှုနှင့် ပညာရေးတိုးတက်မှုများအတွက် ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့ မိသားစုများ၏ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ပုံစံများ မြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် အ·ထ·က(၂) အခြေခံပညာအထက်တန်းကျောင်းတွင် နေ့လယ်စာအဖြစ် အာဟာရပြည့်ဝမျှတပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစာအာဟာရဖြစ်စေမည့် ထမင်း၊ ဟင်းတို့ကို ကျောင်းသား၊ ကျောင်းသူများအား ကျွေးမွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မောင်ခိုင်မင်း(မြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ(Talk Show)ဆောင်ရွက်

**မကွေး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊မြို့သစ်မြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲ (Talk Show)တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်နှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနုထွေးတို့က ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် ရည်မှန်းချက်များ၊ ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမားဖြစ်ပေါ်လာရသည့် အကြောင်းအရင်း၊ ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် အလုပ်ချိန်ကန့်သတ်ချက်၊ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ ကလေးအလုပ်သမားနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ကလေးသူငယ်၏ အခွင့်အရေးဆုံးရှုံးနစ်နာခြင်းနှင့် ပတ်သက်၍ တိုင်ကြားနိုင်သည့်နေရာများနှင့် ကလေးအလုပ်သမားပပျောက်စေရန် ဆောင်ရွက်ပေးသင့်သည့်အချက်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(မြန်/ဆက်)**




## မုန်တိုင်းသတိပေးချက်အား ပြည်သူများသိရှိစေရန် လှည့်လည်နိုးဆော်

**မောက်မယ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ မုန်တိုင်းခန့်မှန်း သတိပေးထုတ်ပြန်ချက်အား အများပြည်သူသတိပြု ပြင်ဆင်ဆောင်ရွက်နိုင်ရန် မြို့ပေါ်ရပ်ကွက်အတွင်း လူစည်ကားရာ လမ်းထိပ်နေရာများတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ကားဖြင့် ယမန်နေ့ ညနေ ၃ နာရီက လှည့်လည်နိုးဆော်ခဲ့သည်။

အဆိုပါမုန်တိုင်းသတိပေးချက်တွင် တောင်တရုတ်ပင်လယ်ပြင်၌ ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း(Kajiki)ကြောင့် ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ တိုက်ခတ်နိုင်သည်ဟု ကနဦးခန့်မှန်းထားပါကြောင်း၊ ပြည်သူများအနေဖြင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း ရေကြီးရေလျှံမှုများ ကြုံတွေ့နိုင်ပါသဖြင့် အရေးကြီးစာရွက်စာတမ်းများ၊ ဆေးဝါးများနှင့် အဖိုးတန်ပစ္စည်းများအား ကြိုတင်သိမ်းဆည်းထားရန်၊ သောက်သုံးရေနှင့် စားနပ်ရိက္ခာများ ကြိုတင်သိမ်းဆည်းထားရန်၊ မုန်တိုင်းသတိပေးထုတ်ပြန်ချက်အား နားဆင်ပြီး အလေးထားလိုက်နာဆောင်ရွက်သွားကြရန်၊ အရေးပေါ်အခြေအနေကြုံတွေ့လာပါက သတ်မှတ်ထားသော စုရပ်သို့ သွားရောက်နေထိုင်ကြရန်၊ ထူးခြားမှုအခြေအနေအား သက်ဆိုင်ရာ ဆယ်အိမ်မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ ချက်ချင်းသတင်းပို့ဆက်သွယ်ကြရန်၊ အကယ်၍ မုန်တိုင်းဝင်ရောက်ခဲ့ပါက မုန်တိုင်းအန္တရာယ်ကင်းရှင်းကြောင်း ကြေညာမှသာ မိမိနေအိမ်သို့ ပြန်လည်ထွက်ခွာကြရန် စသည့် ကြေညာချက်များဖြင့် ပြည်သူများအား လိုအပ်သည်များ ကြိုတင်ပြင်ဆင်နိုင်ရန် ရပ်ကွက်များအတွင်း လူစည်ကားရာ လမ်းထိပ်နေရာများတွင် လှည့်လည်အသိပေး နှိုးဆော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(မြန်/ဆက်)**



**ပန်းမန်သစ်ပင် လေသန့်စင်၍**
**ဥယျာဉ်တောတန်း**
**စိတ်ရွှင်လန်း၏။**

# နိုင်ငံတကာ အားကစား သတင်းများ

## ဗင်နီစီယပ်စ်အား တစ်နှစ်လစာ ယူရို သန်း ၂၀ ဖြင့် စာချုပ်သက်တမ်းတိုးရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်




**မက်ဒရစ် ဩဂုတ် ၂၈**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းတိုက်စစ်မှူး ဗင်နီစီယပ်စ်အား တစ်နှစ်လုပ်ခလစာ ယူရို သန်း ၂၀ဖြင့် ငါးနှစ်သက်တမ်းတိုး စာချုပ် ချုပ်ဆိုရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗင်နီစီယပ်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၄ပွဲကစားပြီး ၁၀၇ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

ရီးရဲလ်မက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် "ဗင်နီစီယပ်စ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ)(NGB)

## ဖာဘီယိုဆေးလ်ဗားအား ခေါ်ယူရန် ဒေါ့မွန်အသင်းသဘောတူညီမှုရရှိ

**မြူးနစ် ဩဂုတ် ၂၈**

ဒေါ့မွန်အသင်းသည် ဝုဖ်အသင်း တိုက်စစ်မှူး ဖာဘီယိုဆေးလ်ဗားအား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ယခုရက်ပိုင်းအတွင်း ဒေါ့မွန်အသင်းနှင့် လာရောက်ပူးပေါင်းကာ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဖာဘီယိုဆေးလ်ဗားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဝုဖ်အသင်းမှ လက်ပါးမက်စ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၂၅ ပွဲကစားပြီး ၁၀ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဒေါ့မွန်အသင်းက ခေါ်ယူလာခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူအားဖြည့်သွားဦးမည် ဖြစ်သည်။

(အောက်ပုံ)

(NGB)







## အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား တတိယအဆင့် ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် ဩဂုတ် ၂၈**

အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား ဒုတိယအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် တတိယအဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား တတိယအဆင့်တွင် လီဗာပူးနှင့် ဆောက်သမ်တန်၊ ပို့တ်ဗေးလ်နှင့် အာဆင်နယ်၊ ဟက်ဒါဖီးလ်နှင့် မန်စီးတီး၊ လင်ကွန်းနှင့် ချဲလ်ဆီး၊ စပါးနှင့် ဒွန်ကတ်စတာ၊ ဝုဖ်နှင့် အဲဗာတန်၊ ဆွမ်ဆီးနှင့် နော်တင်ဟမ်၊ ဘရန့်ဖို့ဒ်နှင့် ဗီလာ၊ နယူးကာဆယ်နှင့် ဘရက်ဖို့ဒ်၊ ရှက်ဖီးဝင့်စ်ဒေးနှင့် ဂရင်းစဘီ၊ ပဲလေ့စ်နှင့် မီဝေါလ်၊ ဘန်လေနှင့် ကာဒစ်ဖ်၊ ဝရက်ဇ်ဟမ်းနှင့် ရီဒင်း၊ ဝီဂန်နှင့် ဝိုင်ကမ်ဘီ၊ ဘန်စလေနှင့် ဘရိုက်တန်၊ ဖူလ်ဟမ်နှင့် ကိန်းဘရစ်ချ်တို့ အသီးသီး တွေ့ဆုံလျက်ရှိသည်။

အင်္ဂလိပ်ကာရာဘောင်းလိဂ်ဖလား တတိယအဆင့်ပွဲစဉ်များကို လာမည့် စက်တင်ဘာ ၁၈ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (အပေါ်ပုံ)(NGB)

## 2025 US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Novak Djokovic တက်ရောက်

**နယူးယောက် ဩဂုတ် ၂၈**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော် အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဆားဘီးယား တင်းနစ်ကစားသမား Novak Djokovic တက်ရောက်ခဲ့သည်။



အဆိုပါ ဆားဘီးယား တင်းနစ်ကစားသမား Novak Djokovic သည် 2025 US Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အိမ်ရှင် အမေရိကန် တင်းနစ်ကစားသမား Zachary Svajda အား ၆-၇၊ ၆-၃၊ ၆-၃၊ ၆-၁ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ဆားဘီးယား တင်းနစ်ကစားသမား Novak Djokovic နှင့် ဂရိတ်ဗြိတိန် တင်းနစ်ကစားသမား Cameron Norrie တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## ဒန်နီအင့်စ်ကို ရှက်ဖီးလ်ယူနိုက်တက်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၈**

ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် ဝက်စ်ဟမ်းအသင်းတိုက်စစ်မှူးဟောင်း ဒန်နီအင့်စ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့သည်။




အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရှက်ဖီးလ်ယူနိုက်တက်အသင်းနှင့်အတူ တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ဒန်နီအင့်စ်သည် ကစားသမားဘဝတစ်လျှောက်တွင် ဘုန်းမောက်၊ ဘန်လေ၊ လီဗာပူး၊ ဆောက်သမ်တန်၊ အက်စတွန်ဗီလာ၊ ဝက်စ်ဟမ်းစသည့် ကလပ်အသင်းများတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ရှက်ဖီးလ်ယူနိုက်တက်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား (၈)ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ (အပေါ်ပုံ)

(NGB)

## ဗီတင်ဟာ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပီအက်စ်ဂျီအသင်းအတည်ပြု

**ပါရီ ဩဂုတ် ၂၈**

ကွင်းလယ်ကစားသမား ဗီတင်ဟာအား ရောင်းချမည်ဆိုသောသတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ပီအက်စ်ဂျီအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။




ကွင်းလယ်ကစားသမား ဗီတင်ဟာသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၆ ပွဲကစားပြီး ဂိုး ၂၀ ထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

ပီအက်စ်ဂျီအသင်းထုတ်ပြန်ချက်တွင် "ဗီတင်ဟာ အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက်ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာပဲ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(ဝဲပုံ)(NGB)

* * * * * *

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ် ၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၀-၈-၂၀၂၅ စနေနေ့ | နံနက် ၀၁း၀၀ နာရီ | (၁၀) ဟမ်းဘတ် - စိန့်ပေါ်လီ (၉)<br>(D) (D) | ဟမ်းဘတ် ၁-၀ စိန့်ပေါ်လီ<br>စိန့်ပေါ်လီ ၂-၂ ဟမ်းဘတ် |

### စပိန်လာလီဂါ အမှတ်ပေး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၀-၈-၂၀၂၅ စနေနေ့ | နံနက် ၀၀း၀၀ နာရီ | (၁၂) အယ်လ်ချီ - လီဗန်တေး (၁၈)<br>(D,D) (L,L) | အယ်လ်ချီ ၁-၃ လီဗန်တေး<br>လီဗန်တေး ၁-၁ အယ်လ်ချီ |
| ,, | နံနက် ၀၂း၀၀ နာရီ | (၁၄) ဗလင်စီယာ - ဂီတာဖေး (၄)<br>(D,L) (W,W) | ဗလင်စီယာ ၃-၀ ဂီတာဖေး<br>ဂီတာဖေး ၁-၁ ဗလင်စီယာ |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂၊ ၃ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၀-၈-၂၀၂၅ စနေနေ့ | နံနက် ၀၁း၃၀ နာရီ | (၅) ဘာမင်ဂမ် - လက်စတာ (၇)<br>(D,W,W) (W,L,W) | ဘာမင်ဂမ် ၂-၃ လက်စတာ<br>လက်စတာ ၂-၁ ဘာမင်ဂမ် |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ် ၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၉-၈-၂၀၂၅ သောကြာနေ့ | ည ၁၁း၀၀ နာရီ | (၅) ခရီမိုနီ - ဆက်ဆူအိုလို (၁၇)<br>(W) (L) | ခရီမိုနီ ၁-၁ ဆက်ဆူအိုလို<br>ဆက်ဆူအိုလို ၁-၄ ခရီမိုနီ |
| ၃၀-၈-၂၀၂၅ စနေနေ့ | နံနက် ၀၁း၁၅ နာရီ | (၁၃) လက်ချီ - အေစီမီလန် (၁၅)<br>(D) (L) | လက်ချီ ၂-၃ အေစီမီလန်<br>အေစီမီလန် ၁-၄ လက်ချီ |

### ပြင်သစ် လီဂူး အမှတ်ပေး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၀-၈-၂၀၂၅ စနေနေ့ | နံနက် ၀၁း၄၅ နာရီ | (၁၀) လန်းစ် - ဘရက် (၁၄)<br>(L,W) (D,L) | လန်းစ် ၂-၀ ဘရက်<br>ဘရက် ၁-၃ လန်းစ် |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရန်ကုန်မြို့တွင် ကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ၂၀၂၅ သို့ တက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံအားပေး



**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ရန်ကုန်မြို့တွင် ကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ၂၀၂၅ သို့ တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ လူငယ်ကိုယ်စားလှယ်များအား ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

ထိုသို့ တွေ့ဆုံအားပေးစကားပြောကြားရာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ၏အနာဂတ်ကို ပိုမိုကောင်းမွန်အောင် တည်ဆောက်နိုင်မှုတွင် လူငယ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းရည်မြင့်မားမှုတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုပါကြောင်း၊ ဗလငါးတန်ဖွံ့ဖြိုးရေးတို့အတွက် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဖိုရမ်သည် နိုင်ငံတစ်ဝန်းရှိ အနာဂတ်နိုင်ငံတာဝန်ကို ထမ်းဆောင်ကြမည့် လူငယ် ခေါင်းဆောင်များအတွက် အခြေခံကျသည့် ဖိုရမ်ဖြစ်ပြီး နိုင်ငံတကာမှ ပညာရှင်များ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကာ ဖိုရမ်တက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များအနေဖြင့် ရရှိလာမည့် ဆွေးနွေးပွဲအတွေ့အကြုံများနှင့် ဗဟုသုတများကိုအခြေခံ၍ လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် ထိရောက်စွာပြန်လည်ဖန်တီးပေးသွားရန် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ၂၀၂၅ ဆွေးနွေးပွဲသို့တက်ရောက်ကြမည့် မန္တလေးတိုင်းဒေသကြီး လူငယ်ကိုယ်စားလှယ်များရွေးချယ်စေလွှတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီးနောက် အုပ်ချုပ်သူများ၊ လူငယ်ကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ချီးမြှင့်သည့် ငွေကျပ်(၁၂,၁၃၃,၀၀၀)ကို လူငယ်ကိုယ်စားလှယ်အဖွဲ့ထံ ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)၊ ကိုယ်ပိုင်ကျောင်းများအသင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူနှစ်ဦးနှင့် လူငယ်ကိုယ်စားလှယ် ၁၄ ဦးတို့တက်ရောက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်



**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက Oriental House ခန်းမတွင် ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူးက လုပ်ငန်းရှင်များအနေဖြင့် စားသောက်ဆိုင်များတွင် စားသောက်ခြင်း၊ ဟိုတယ်၊ တည်းခိုခန်းများတွင် တည်းခိုခြင်း၊ ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ ဝယ်ယူခြင်း၊ လက်ကိုင်ဖုန်း၊ ဟန်းဆက်နှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်းများ ဆောင်ရွက်သည့်အခါ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ပြေစာများကို သတ်မှတ်ချက်အတိုင်း ကပ်နှိပ်ပေးခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကောက်ခံရရှိသော အခွန်ငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း အဖွင့်အမှာစကားပြောကြားပြီး၊ ချမ်းအေးသာစံမြို့နယ်အခွန်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားတစ်ခုခြင်းအလိုက် သိကောင်းစရာများနှင့်ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ သိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲသို့ ရွှေဆိုင်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ လက်ကိုင်ဖုန်း၊ ဟန်းဆက်နှင့်ဆက်စပ်ပစ္စည်းများရောင်းချသည့်လုပ်ငန်းရှင်များနှင့်ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင်များ စုစုပေါင်း ၁၄၇ ဦး တက်ရောက်ခဲ့ကြပြီး လုပ်ငန်းရှင်များ၏ သိရှိလိုသော မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-ဇ)

## ရွှေကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၈**

၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မန္တလေးခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးခန်းမတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မန္တလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ မိုးကုတ်မြို့နယ်တို့မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**



ဦးစွာ မန္တလေးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ မန္တလေးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

## မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲတွင် ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၆၁၅ ဦးအား ကန်တော့သွားမည်

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အာစရိယပူဇော်ပွဲ ကျင်းပရေးဆပ်ကော်မတီ (တတိယ)အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက URC အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးအား အာစရိယပူဇော်ပွဲ ဆပ်ကော်မတီအဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ကျောင်းသားဟောင်းများ တက်ရောက်ဆွေးနွေးကြပြီး မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမေသွယ်အေးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ရာ မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် အသက်(၇၀)နှစ်ပြည့်မည့် ဘာသာရပ်ပေါင်းစုံမှ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၆၁၅ ဦးအား အတည်ပြုစာရင်းထုတ်ပြန်ကာ မန္တလေးတက္ကသိုလ် ရာပြည့် အထိမ်းအမှတ်နေ့တွင် အာစရိယပူဇော်ပွဲကျင်းပနိုင်စေရန် အာစရိယပူဇော်ပွဲဆပ်ကော်မတီဖွဲ့စည်း၍ တက်ရောက်လာသူများအား အသီးသီးတာဝန်ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



(မန္တလေးနေ့စဉ်-၆)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးရေပေးဝေနေမှု၊ သံရှာပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် သံရှာပြည်သူ့ဆေးရုံသို့ ကွင်းဆင်းစစ်ဆေး

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးရေပေးဝေနေမှု၊ သံရှာပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် သံရှာပြည်သူ့ဆေးရုံသို့ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကုလကျေးရွာ၊ ဇော်ဂျီရေသောက်စနစ်အတွင်းရှိ ငပြောင်ရေလွှဲဆည်၏ ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရေပေးနေမှုအခြေအနေများကို ကြည့်ရှုခဲ့သည်။

၎င်းနောက် သံရှာပူးပေါင်းစစ်ဆေးရေးဂိတ်သို့ ရောက်ရှိပြီး မြို့ဝင်၊ မြို့ထွက်ယာဉ်များဖြတ်သန်းသွားလာမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် လုပ်ငန်းများကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံရှာပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအုပ်ကြီးက လူနာများလက်ခံကုသပေးနေမှု၊ မန္တလေးငလျင်ကြီးကြောင့် ဆေးကုသဆောင်များ ထိခိုက်ပျက်စီးခဲ့မှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု၊ ကြုံတွေ့နေရသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် ဆေးရုံ



တက်ရောက် ဆေးကုသမှုခံယူနေကြသူများအား လိုက်လံအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## မဲပေးစက်ဆိုင်ရာ အသိပညာပေးစမ်းသပ်သရုပ်ပြ



**အောင်လံ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်တွင် ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ကို လက်တွေ့အသုံးပြုနိုင်ရန်အတွက် ရည်ရွယ်၍ မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက် ၁၀ နာရီက အောင်လံမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ ဟောပြောပွဲတွင် အောင်လံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲနှင့် ပတ်သက်၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သိသင့်သိထိုက်သော အချက်အလက်များ၊ မဲပေးပိုင်ခွင့်ရှိသူများ၊ အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူများနှင့်ပတ်သက်သည့် အချက်များ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြုပုံနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သိသင့်သိထိုက်သော အချက်အလက်များအား အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသည့် မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး၍ ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်း ၁ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဇရာဝတီခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြင်ဦးလွင်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာက အဖွင့်အမှာစကားပြောကြားပြီး ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေး ဗီဒီယိုအား ပရိုဂျက်တာဖြင့် ပြသခဲ့သည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေး ဗီဒီယိုပြသမှုကို ကျောင်းသား၊ ကျောင်းသူများအား အသေးစိတ်ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက မိမိတို့ သိရှိလိုသည်များကို အသီးသီးမေးမြန်းဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

## ကျောင်းကျန်းမာရေးသီတင်းပတ် အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်

**စဉ့်ကိုင် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ပြုလုပ်ခဲ့သည်။

KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ အေးလွင်၊ မြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများပူးပေါင်းပြီး KG ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး စနစ်တကျ လက်ဆေးနည်းများ၊ သွားခံတွင်း သန့်ရှင်းရေးလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ပေးခဲ့ပြီး အာဟာရထမင်းဟင်းများ ကျွေးမွေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

၀-၀-၀-၀

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပြည်တွင်းထွက် အရည်အသွေးမြင့်ထောပတ်သီးများကို ပြည်ပနိုင်ငံများသို့ တင်ပို့သွားမည်

ပြည်တွင်းထွက် အရည်အသွေးမြင့်ထောပတ်သီးများကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်သည်။

ယခုနှစ် ပြည်တွင်း၌ထွက်ရှိသည့်အရည်အသွေးမြင့်ထောပတ်သီးများကို စင်ကာပူနိုင်ငံ အပါအဝင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်မှာ ထောပတ်သီးရာသီချိန်ရောက်ရှိလာရာ ပြည်တွင်းဈေးကွက်တွင် စတင်ရောင်းချလျက်ရှိကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ပြည်တွင်း၌ ထွက်ရှိသည့် Hass ထောပတ်သီးစိုက် ဧကပေါင်း နှစ်သောင်းကျော်ရှိပြီး စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း နှစ်စဉ် Hass ထောပတ်



သီးထွက်ရှိသော ရာသီချိန်ဖြစ်ရာ ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက် ရှိသည်။

ပြည်တွင်းထွက်ထောပတ်သီးအမျိုးအစားများစွာအနက် Hass ထောပတ်သီးအပြင် Buccaneer၊ အမရာ စသည့် ထောပတ်သီးမျိုးများကို ပြည်ပတင်ပို့ရောင်းချသလို ပြည်တွင်းဈေးကွက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ဈေးကွက်တွင်လည်း တင်ပို့ရောင်းချလျက် ရှိသည်။

ယခင်နှစ် ထောပတ်သီးရာသီတွင် အရည်အသွေးမြင့် Hass ထောပတ်သီးတန်ချိန် ၃၀၀၀ ခန့်ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် တန်ချိန် ပိုမိုထွက်ရှိရန် မျှော်မှန်းထားသည်။

ပြည်တွင်းဈေးကွက်တွင် ထောပတ်သီးကို လတ်လတ်ဆတ်ဆတ်သီးနှံအတိုင်း စားသုံးကြသလို ထောပတ်ဖျော်ရည်၊ မုန့်အကြော်များ၊ ရေခဲမုန့်များကို ရာသီစာအဖြစ် ပိုမိုစားသုံးလာကြသည်။

ထို့ပြင် ထောပတ်သီးကို အနှစ်ပြုလုပ်ပြီး တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ပိုမိုထုတ်လုပ်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းဈေးကွက်အပြင် ဈေးကွက်ဈေးကောင်းရရှိနိုင်ရန် သီးနှံတင်ပို့မှုဆိုင်ရာ လက်မှတ်များ ရရှိအောင် ဆောင်ရွက်ပြီး နိုင်ငံတကာဈေးကွက်များသို့ တင်ပို့နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးနေ့စဉ်-၆



## ဖရဲ၊ သခွားစိုက် တောင်သူများ ပြည်တွင်းဈေးကွက်ကိုသာ မျှော်မှန်းစိုက်ပျိုးနေ

ပြည်တွင်းဖရဲသခွားစိုက်တောင်သူများအနေဖြင့် ပြည်တွင်းဈေးကွက်ကိုယ်သာ မျှော်မှန်းစိုက်ပျိုးနေပြီး လက်ရှိအချိန်တွင် မိုးဖရဲသီးများ ဆွတ်ခူးနေချိန် ဖြစ်သည်။

ပြည်တွင်းမိုးဖရဲသီးများကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ဈေးကွက်များတွင်သာ ရောင်းချလျက်ရှိသည်။ လက်ရှိအချိန်တွင် နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရန် စရိတ်ကြီးမြင့်သောကြောင့် ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချနေရခြင်း ဖြစ်သည်။

ထိုသို့ ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချရသဖြင့် ဖရဲသခွားစိုက်ပျိုးမှုကို လျှော့ချပြီး ပြည်တွင်းဈေးကွက် စားသုံးနိုင်သည့်ပမာဏကိုသာ ထုတ်လုပ်ရောင်းချနေရကြောင်း ဖရဲသခွားစိုက်တောင်သူ ဦးသစ္စာက ပြောသည်။

"ပြည်တွင်းဈေးကွက်ကိုသာ ရည်ရွယ်စိုက်ပျိုးရတော့ စိုက်ဧကလျှော့ချစိုက်ပျိုးနေရပါတယ်။ ပြည်တွင်းစားသုံးမှုပမာဏကို ချိန်ဆပြီး တစ်နှစ်ပတ်လုံး ဈေးကွက်အတွင်း အသီးရရှိရေးအတွက်သာ မျှော်မှန်းစိုက်ပျိုးနေကြတာပါ။ အခုချိန်မှာတော့ မိုးဖရဲသီးများ ဆွတ်ခူးနေချိန် ဖြစ်ပါတယ်။ ဈေးကွက်အတွင်းမှာလည်း စားသုံးသူတွေ ဈေးပေါပေါနဲ့ စားသုံးနိုင်ပါတယ်။ လာမယ့် ဆောင်းရာသီစိုက် ဖရဲသခွားများကိုတော့ နိုင်ငံခြားဈေးကွက်သို့ တင်ပို့နိုင်ရန် မျှော်မှန်းထားပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိ ပြည်တွင်းဖရဲစိုက်ပျိုးမှုများ လျော့ကျနေသလို တစ်ဧကစိုက်ပျိုးစရိတ်မှာလည်း မြင့်တက်လျက်ရှိသည်။ ထို့ပြင် အရည်အသွေးကောင်း ဖရဲမျိုး၊ သခွားမျိုးများမှာ တင်သွင်းရန် အခက်အခဲရှိနေပြီး ရာသီချိန်မီ တင်သွင်းနိုင်မှသာ ဆောင်းစိုက်ရာသီ၌ ပြည်ပသို့ အရည်အသွေးကောင်း ဖရဲသခွားများ တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်**

**(စိုက်ပျိုးရေးသတင်းထောက်)**

၀-၀-၀-၀-၀-၀

## ဒူးရင်းသီးစိုက်ပျိုးရာတွင် လိုအပ်သောနည်းပညာပိုင်းဆိုင်ရာများ ဆွေးနွေးပွဲ ပြုလုပ်သွားမည်

**မန္တလေး ဩဂုတ် ၂၈**

ဒူးရင်းသီးစိုက်ပျိုးရာတွင် လိုအပ်သောနည်းပညာပိုင်းဆိုင်ရာများနှင့် လက်တွေ့စိုက်ပျိုးနည်းစနစ်ပိုင်းဆိုင်ရာများကို ပညာရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲတစ်ခုကို စက်တင်ဘာ ၁၃ ရက်တွင် ရန်ကုန်မြို့၊ လပြည့်ဝန်းပလာဇာ ပထမထပ်တွင် နံနက် ၉ နာရီမှ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

ဒူးရင်းသီးအား ပြည်ပဈေးကွက်များကို ပိုမိုကောင်းမွန်သော အရည်အသွေးများဖြင့် တင်ပို့နိုင်ရန်၊ စိုက်ပျိုးရာတွင် ဇီဝနည်းပညာအသုံးပြုခြင်း၊ မြေပြုပြင်ခြင်း၊ မြေဩဇာ စနစ်တကျကျွေးခြင်း၊ ဒူးရင်းပင်တွင် ကျရောက်တတ်သောရောဂါများအကြောင်း၊ ဒူးရင်းပိုးကျခြင်းနှင့် လွဲမှားနေသော အယူအဆများအကြောင်း စသည်တို့အပြင် လက်တွေ့အသုံးပြုနေသော နည်းစနစ်များနှင့် လက်တွေ့စိုက်ပျိုးရာတွင် အသုံးပြုသော နည်းစနစ်များကို ပေါင်းစပ်ပေးနိုင်ရန် ယခုကဲ့သို့ ဆွေးနွေးပွဲကြီးလုပ်ဆောင်ခြင်း ဖြစ်သည်။

"စိုက်ပျိုးပညာအရ တကယ်တတ်သိနားလည်တဲ့ ဆရာတွေနဲ့ အတွေ့အကြုံအရ နားလည်တတ်ကျွမ်းတဲ့ ခြံရှင်တွေနဲ့ တွေ့ဆုံပြီးတော့ သီအိုရီနဲ့ လက်တွေ့အကြောင်းအရာများကို ဖလှယ်မယ့် ပွဲဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာ လူဦးရေအနေနဲ့ ဦးရေ ၂၀၀ လောက် ပါဝင်နိုင်အောင် ဆောင်ရွက်ထားပါတယ်။ အခုမှ တက်ရောက်နိုင်တဲ့ ဆွေးနွေးပွဲတစ်ခုဖြစ်ပါတယ်"ဟု အဆိုပါ ပွဲစီစဉ်သူ ဦးကျော်ထွန်းက ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးသီးနှံများထဲမှ ဒူးရင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုအား ပိုမိုကောင်းမွန်လာစေရန် တွန်းအားပေးလျက်ရှိကြောင်း၊ ထို့အတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ဒူးရင်းစိုက်ပျိုးသီးနှံ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တတ်နိုင်သည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းစိုက်ပျိုးသော ဒူးရင်းသီးနှံများအား နည်းစနစ်ပိုင်းဆိုင်ရာများဖြင့် လက်တွေ့စိုက်ပျိုးကာ ပိုမိုတင်ပို့မှုများကို ပြုလုပ်သွားနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။



လက်ရှိ ပြည်တွင်း ဒူးရင်းသီးစိုက်ပျိုးရာတွင် နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များရှိနေဆဲဖြစ်ပြီး အချို့သော စိုက်ပျိုးရေးခြံတွင် ပြောင်းလဲနေသော နည်းစနစ်များကို အသုံးပြုမှုအားနည်းနေဆဲဖြစ်ကြောင်း၊ နိုင်ငံတကာတွင် အသုံးပြုနေသော နည်းစနစ်ပိုင်းဆိုင်ရာများကို ပြည်တွင်းအသုံးပြုသည့် နည်းပညာများဖြင့် တွဲဖက်အသုံးပြုမှုများလည်း ပိုမိုလိုအပ်လျက်ရှိကြောင်း၊ တွဲဖက်အသုံးပြုမှသာ နိုင်ငံတကာ ဈေးကွက်သို့ အခြားသော ပြည်ပနိုင်ငံများယှဉ်ကာ တင်ပို့မှုများကို ပြုလုပ်နိုင်မည်ဖြစ်သည်။

ထို့အတွက် ယခုပြုလုပ်မည့် ဆွေးနွေးပွဲတွင် မြေဆီလွှာပညာရှင် Head of Land use division General Manager (ငြိမ်း)ဦးကျော်ရီ၊ Chief Consultant GAP သဘာဝမြေဩဇာ ပါမောက္ခ(ငြိမ်း) ဒေါက်တာ မြင့်လွင်၊ ဒေါက်တာကြင်ကြင်ဝင်း၊ ဒူးရင်းမျိုးသန့်ခြံ ကန်ကလေး မန်နေဂျာ ဦးမျိုးတင့်အောင်နှင့် အခြားသော ပညာရှင်များ ပါဝင်ကာ ဒူးရင်းနှင့်ပတ်သက်၍ ပထမဆုံး ဆွေးနွေးပွဲတစ်ခုကို ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

**မန္တလေးနေ့စဉ်-၈**

## မကွေးမြို့တွင် ၂၀၂၅ခုနှစ် မိုးနှမ်းများကို တောင်သူများ စုပေါင်းရောင်းချလျက်ရှိ



မကွေးမြို့တွင် ၂၀၂၅ ခုနှစ် မိုးနှမ်းများကို တောင်သူများ စုပေါင်းရောင်းချပွဲကို မကွေးမြို့ မြင့်မြတ်တော်ဝင်စက်ရုံဝင်းအတွင်း ရောင်းချလျက်ရှိသည်။

ထိုသို့ရောင်းချမှု အစီအစဉ်ကို ဩဂုတ် ၁၃ ရက်မှစတင်ကာ လက်ရှိအချိန်ထိ စုပေါင်းရောင်းချလျက်ရှိရာ နှမ်းနက်၊ နှမ်းဖြူများ ဈေးကောင်းရရှိကြသည်။

နှမ်းနက်များမှာ စတင်ရောင်းချစဉ်က ဈေးအနည်းငယ်ကျဆင်းမှုရှိသော်လည်း ဩဂုတ် ၂၈ ရက်တွင် အရည်အသွေးပေါ်မူတည်ပြီး ဈေးအနည်းငယ်ကွာခြားလျက်ရှိရာ ပထမတန်းစားအရည်အသွေး နှမ်းနက် တစ်တင်းလျှင် ငွေကျပ် ၂၅၃,၀၀၀၊ ဒုတိယတန်းစား အရည်အသွေး တစ်တင်းလျှင် ငွေကျပ် ၂၅၁၀၀၀၊ တတိယတန်းစား အရည်အသွေး တစ်တင်းလျှင် ငွေကျပ် ၂၄၉၀၀၀၊ ပထမတန်းစား အရည်အသွေး နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၁၀၅၀၀၀၊ ဒုတိယတန်းစား အရည်အသွေး တစ်တင်းလျှင် ငွေကျပ် ၁၀၄၀၀၀၊ တတိယတန်းစား အရည်အသွေး တစ်တင်းလျှင် ငွေကျပ် ၁၀၃၀၀၀၊ အသီးသီး ပေါက်ဈေးရှိသည်။

စုပေါင်းရောင်းချပွဲတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ GAP စနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများမှာ အထွက်နှုန်းကောင်းများရရှိသလို ဈေးကောင်းများလည်း ရရှိကြောင်း တောင်သူတစ်ဦးက ပြောသည်။

GAP စနစ်ဖြင့် စိုက်ပျိုးသည့် နှမ်းစိုက်ဧက ၁၅၀၀၀ ကျော်မှ ထွက်ရှိသည့် နှမ်းများကို ပို့ကုန်လုပ်ငန်းရှင်များက စုပေါင်းရောင်းချပွဲသို့ လာရောက်ဝယ်ယူခဲ့ကြကြောင်း သိရသည်။**ရွှေမန်း**

## အင်းကုန်းကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ



**သာစည် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အားသစ်မာန်ကုမ္ပဏီမှ တည်ထောင်ထားသည့် ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးလှထွန်း၊ ကျောင်းအုပ်ဆရာမကြီး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဖောင်ဒေးရှင်းတာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ဆက်လက်ပြီး အခမ်းအနားကိုကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဖောင်ဒေးရှင်းတာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။ ၄င်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဖောင်ဒေးရှင်းတာဝန်ရှိသူများထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဖောင်ဒေးရှင်းတာဝန်ရှိသူများက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီက သီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြပြီး ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ RC တစ်ထပ်ဖြစ်ကြောင်း သိရပြီး ကျောင်းဆောင်သစ်နှင့်အတူ စာသင်ခုံများလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၇)



## ကျောက်ဆည်မြို့နယ်တွင် ငှက်ပျောစိုက်တောင်သူများ အဆင်ပြေ

**ကျောက်ဆည် ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် လယ်မြေများတွင် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြပြီး ကိုင်းကျွန်းမြေနှင့် ယာမြေများ၌ ကြက်သွန်၊ ငရုတ်၊ မြေပဲ၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ ငှက်ပျောစသည့် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ အနောက်ရေဖျားတောကျေးရွာ၌ စိုက်ပျိုးထားသော ငှက်ပျောခြံများ ကောင်းမွန်ပြီး ရောင်းချရာတွင် ဈေးကောင်းရသဖြင့် ငှက်ပျောစိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

ငှက်ပျောသီးနှံစိုက်ပျိုးရာ၌ သွင်းအားစုနည်းပါးခြင်း၊ မိသားစုလုပ်အားဖြင့် စိုက်ပျိုးနိုင်သည့်အပြင် အလုပ်သမားရှားပါးမှုမရှိခြင်းတို့ကြောင့် ငှက်ပျောသီးနှံရွေးချယ်စိုက်ပျိုးကြောင်း ငှက်ပျောစိုက်တောင်သူများထံမှ သိရှိရပြီး ငှက်ပျောစိုက်ရာတွင် လေဝင်လေထွက်ကောင်းမွန်စေရေးနှင့် ထွန်ထယ်ပြုလုပ်ရာ၌ အဆင်ပြေစေရေး အတန်းလိုက်စိုက်ပျိုးကြပြီး အကွက်ချစိုက်ပျိုးကြကြောင်း၊ တစ်ပင်တန်းစိုက်ပျိုးမည်ဆိုပါက တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း ၈ ပေအကွာစိုက်ပျိုးကြပြီး၊ နှစ်ပင်တန်း(စွယ်စုံ)စိုက်ပျိုးမည်ဆိုပါက ၁၀ပေခန့်အကွာစိုက်ပျိုးကြသည်။

ငှက်ပျောသီးနှံသည် စိုက်ပျိုးပြီး ၈လတွင် ငှက်ပျောအဖူးများစတင်ထွက်ရှိပြီး ၁၀လကျော်တွင် စတင်ခုတ်ရောင်းရကြောင်း၊ ရောင်းချရာ၌ ငှက်ပျောအဖီး ၆ ဖီးပါ ငှက်ပျောအခိုင် ၄၀ ကို နွားလှည်းတစ်စီးအဖြစ် သတ်မှတ်ပြီး ငှက်ပျောတစ်ဧကတွင် ပျမ်းမျှလှည်းအစီးရေ ၁၃စီးမှ ၁၄စီးအထိ ထွက်ရှိကြောင်းနှင့် ရောင်းချရာ၌ ငှက်ပျောလှည်းတစ်စီးလျှင် ငွေကျပ် ၆သိန်းမှ ၆သိန်းခွဲအထိ ရောင်းချရသဖြင့် ငှက်ပျောစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

* – * – * – * – *

* – * – * – * – * – *



ပတ်စရာ၊ မှတ်စရာ

စုံလင်

မန္တလေး

## အိုဘယ့်ပညာ ရတနာ

* ပြည်တော်မှာ မေတ္တာကဝိတွေနှင့်
တည်ထောင်လာ သစ္စာရှိခဲ့ကြ
နှစ်(၁၀၀)ပြည့် မန္တလေးတက္ကသိုလ်။

* နန်းမြေမှာလ
သန်းကုဋေပါ အလှူခံ၍
တူတူတန်တန် ကျောင်းတော်ကြီးကို
ပေါင်းဖော်မညည်း တာဝန်ယူကြရ
စွမ်းလှုပေသကို

* ရှင်လူတကာ ကြိုးစားလာခဲ့
အမြင်တူစွာ တိုးပွားကာဖြင့်
အမျိုးသားမြန်မာ ခေတ်သစ်ကိုကြို
အိုဘယ့်ရတနာ ပညာရေး။

* ယနေ့ချိန်ခါမှာ
မမေ့နိုင်စရာ မြန်မာ့ရုပ်သံမှ
အလှထုတ်ပြန်ကာ ကိုမြို့မနှင့်
ဆိုလို့ ကလို့ ဂုဏ်ပြုကြခြင်းသည်
ထုံသင်းလို့မွှေး။ ။

နှစ်(၁၀၀)ပြည့် မန္တလေးတက္ကသိုလ်ကို ဂုဏ်ပြုလျက်

**အောင်လံဝင့်**

## စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**အမရပူရ ဩဂုတ် ၂၈**



မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြု Community Center ခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီခွဲက ပိန်းတန်းအခြေခံပညာမူလတန်းကျောင်းနှင့်ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူလေးများ စာကြည့်တိုက်နှင့် ယဉ်ပါးစေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမျိုးမင်းက ဟောပြောပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများ ရရှိစေရန် စာပေကြောင့် ဘဝမှာအောင်မြင်သွားသည့်ပုဂ္ဂိုလ်များအကြောင်းတို့ကို ကျောင်းသား၊ ကျောင်းသူလေးများ နားလည်သဘောပေါက်အောင် ရှင်းလင်းဟောပြောပေးခဲ့သည်။ ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူလေးများက ခင်းကျင်းထားသော စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကို စိတ်ဝင်တစားကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၈၄)

## လွယ်တိန်ခမ်းဘိုးဘွားရိပ်သာ၌ ပထမအကြိမ် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

**မူဆယ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ လွယ်တိန်ခမ်းတောင်ပေါ်ရှိ လွယ်တိန်ခမ်းဘိုးဘွားရိပ်သာ၏ နှစ်ပတ်လည်အခမ်းအနားကို အဆိုပါရိပ်သာတွင် ယမန်နေ့ နေ့လယ်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကိန်မိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းတို့က အမှာစကားများ ပြောကြားခဲ့ပြီး လွယ်တိန်ခမ်းဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌမှ ဘိုးဘွားရိပ်သာ၏ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ဘိုးဘွားရိပ်သာစောင့်ရှောက်မှုကော်မတီဥက္ကဋ္ဌမှ အဘိုး၊ အဘွားများအား စောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဘိုးဘွားရိပ်သာကြီးကြပ်မှု ကော်မတီမှ နှစ်ပတ်လည်အစီရင်ခံစာအား တင်ပြဆွေးနွေးသည်။




ထို့နောက် လွယ်တိန်ခမ်းဘိုးဘွားရိပ်သာစောင့်ရှောက်မှုကော်မတီ စာရင်းစစ်မှ စာရင်းစစ်အစီရင်ခံစာအား တင်ပြအတည်ပြုခဲ့ပြီး ဆုံးဖြတ်ချက်များ ချမှတ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (မွှာစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး ကွယ်လွန်သူ ဦးဘုန်းမြင့်၊ ဒေါ်ညွန့်မေတို့အား ရည်စူး၍ မန္တလေးမြို့နေ(ဇော်ဇော်စာပေ) မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၆ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် နှစ်သိန်း၊ စုစုပေါင်း ငွေကျပ် ၁၈ သိန်းကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးမြင့်စိန်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

PNT

## လျှောင်ဘေးဒဏ်သင့်ခဲ့သော အိမ်ထောင်စုများအတွက် မြတ်ဖောင်ဒေးရှင်းမှ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် ဆေးဝါးများ ဒုတိယအကြိမ် ပေးအပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဥယျာဉ်ကျေးရွာ၌ မန္တလေးမြေလျှောင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့သော အိမ်ထောင်စု ၃၅၈ စုအတွက် မြတ်ဖောင်ဒေးရှင်းမှ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် ဆေးဝါးများ ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၇ ရက် ညနေပိုင်းက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြတ်ဖောင်ဒေးရှင်းမှ ဒေါ်မြတ်မြတ်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ အနုပညာရှင်များက လျှောင်ဘေးဒဏ်သင့်ခဲ့သော ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

ထို့နောက် မြတ်ဖောင်ဒေးရှင်းမှ ဒေါ်မြတ်မြတ်ဦးနှင့် တာဝန်ရှိသူများက လျှောင်ဘေးဒဏ်သင့်ခဲ့သော အိမ်ထောင်စု ၃၅၈ စုအတွက် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ဆေးဝါးများ လှူဒါန်းရာ အိမ်ထောင်စုများ (ကိုယ်စား) တာဝန်ရှိသူတစ်ဦးမှ လက်ခံရယူခဲ့ပြီး မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ အနုပညာရှင်များက လျှောင်ဘေးဒဏ်သင့်ခဲ့သော ပြည်သူများကို ခွန်အားဖြည့် တေးသီချင်းများဖြင့် ပျော်ပျော်ပါးပါး သီဆိုဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၅၆)**



## အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ ၄၈ ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ ၈၀ ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## လျှောင်ဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**တပ်ကုန်း ဩဂုတ် ၂၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာန လျှောင်ဘေးအန္တရာယ်ခံစားရသော အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါရပ်ကွက်၊ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက် မွှာရုံတွင် ကျင်းပသည်။

ထိုထောက်ပံ့ငွေပေးအပ်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းဟန်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ကြက်ခြေနီအသင်းမှ တိုင်းတပ်ဖွဲ့မှူး ဦးစိုးလင်းဦး၊ မြို့နယ်ကြက်ခြေနီအသင်းမှ တပ်ဖွဲ့မှူး ဒေါ်အေးအေးဆွေနှင့် အသင်းဝင်များသည် မတ် ၂၈ ရက်တွင် မန္တလေး မြေလျှောင်လှုပ်ခတ်မှုကြောင့် အောင်ဇေယျရပ်ကွက်အတွင်း လူနေအိမ်ပြိုကျပျက်စီး၍ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် လျှောင်ဘေးသင့်အိမ်ထောင်စု ၈၃ စုတို့အား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် လေးသိန်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် ကျောင်းတွင်း အာဟာရကျွေးမွေး

**တောင်တွင်းကြီး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် KG ကျောင်းသား၊ ကျောင်းသူများကို ပထမအကြိမ် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၂၆ ရက် နံနက် ၁၁ နာရီက တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ရှစ်ကျောင်းတွင် တစ်ပြိုင်နက် ဆောင်ရွက်ခဲ့ကြသည်။

ကျောင်းသား၊ ကျောင်းသူများအားလုံး ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေး အပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန်၊ မူလတန်း ကျောင်းသား၊ ကျောင်းသူများ၏ ကြီးထွားဖွံ့ဖြိုးကျန်းမာမှုနှင့် ပညာရေးတိုးတက်မှုများအတွက် ကျောင်းသား၊ ကျောင်းသူများနှင့် ၄င်းတို့မိသားစုများ၏ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ပုံစံများ မြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးခင်မောင်ရီနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများက လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးကြောသန့်စင်ပေးပြီး အသားဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်၊ ဗီတာမင်ဓာတ်၊ သတ္တုဓာတ်နှင့် ရေဓာတ် စသည်တို့ပါဝင်သော အာဟာရဖြစ်စေမည့် စားသောက်ဖွယ်ရာများကို ကျွေးမွေးခဲ့ကြသည်။

အဆိုပါကျွေးမွေးရာနေရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက သွားရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**



# မြို့မကြီးရဲ့ အတီးကို နှစ်သက်သူ

မန္တလေးကျော်မြင့်

**စာကောင်းလျှင်– – ပေးတွေက**
**စလေရေးဆိုကြပြန်တယ်– – ။**

**စာမကုံးချင်ဘူး လုံးလုံးကြီးစိတ်နာ**ဟူသော တေးထပ်ကို စိတ်နာနာဖြင့် ရေးစပ်ခဲ့သူ မင်းတုန်းမင်းလက်ထက် ရတနာပုံမန္တလေး နေပြည်တော်မှ အချုပ်တန်းဆရာဖေ၏ တေးထပ်တစ်ပုဒ်ဖြစ်ပါသည်။ ကုန်းဘောင်ခေတ်တွင် စာဆိုတော်အကျော်အမော်များ အလွန်များပြားစွာ ပေါ်ထွန်းခဲ့ကြပါသည်။ စလေဦးပုည၊ အချုပ်တန်းဆရာဖေ၊ နန်းမတော်မမြလေး၊ လှိုင်ထိပ်ခေါင်တင်၊ မြဝတီမင်းကြီးဦးစ စသည်တို့ဖြစ်ပါသည်။ ဂန္ထဝင်မြောက်စံတင်လောက်သော စာကောင်းပေမွန်များလည်း များစွာပေါ်ထွန်းခဲ့ကြပါသည်။ စာပေချစ်သူ၊ စာပေမွေ့သူများလည်း များစွာရှိခဲ့ကြပါသည်။ စာဖတ်သူတော်တော်များများသည် စာကောင်းလျှင် စလေဦးပုည ရေးသည်ဟုသာ ထင်မှတ်မှားကြပါတော့သည်။ ထို့ကြောင့် ဆရာဖေက အထက်တွင် ဖော်ပြထားသကဲ့သို့ လွန်လွန်ကျူးကျူးရေးစပ်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုအကြောင်းများကြောင့် မိမိရေးသည့်စာ အခြားသူရေးသည်ဟု ထင်မှတ်မှားခြင်းမဖြစ်စေရန် သင်ခန်းစာယူ ဂရုစိုက်ကြပါတော့သည်။ ကုန်းဘောင်ခေတ် စာပြုအကျော် မန်လည်ဆရာတော်ကလည်း **သူ့မတို့လေနှင့်၊ သူတို့လျှင် တစ်ကယ်မြည်တဲ့၊ မြို့မာန်လည် ရွှေစည်ကြီးပါကွဲ့၊ တီးသမျှ ဖိန့်ဖိန့်တုံ။ မာန်မလုပ်ချင်ဘူ၊ မာန်လုပ်လျှင် လွယ်သည်သာ၁ပ၊ ငယ်နာမည် န ကိုသတ်ရုံဘဲ**ဟု မိမိအမည်ကို ထည့်သွင်းရေးစပ်သီကုံး ခဲ့ဖူးပါသည်။ ထို့နောက် ခေတ်သစ်အဆိုအက အနုပညာရှင်၊ ခေတ်သစ်စာပေဂီတပညာရှင်များသည် မိမိအမည်ပါ - ပါအောင်ရေးစပ် ဖွဲ့နွဲ့သီကုံး တေးဆို ကပြကြပါတော့သည်။

နာမည်ကျော်ဇာတ်သဘင် ပညာသည် မင်းသားကြီး ဦးစိန်ကတုံးကလည်း ကိုယ်တိုင်ရေးသည့် 'ညီတော်မင်းနန်'သီချင်းတွင် **ဩော်–သဘောကျစေဖို့ ဂေါတမမင်းညီနန် သိမ်မဆုံးအောင် စိန်ကတုံးက နိကွ္ခမပါရမီဉာဏ်** ဟူ၍လည်းကောင်း၊ ဇာတ်သဘင်အဆိုအက၊ အသင်၊ အပြ ပညာရှင် ရွှေမန်းတင်မောင်၏ ဆရာမြခေချင်းငွေမြိုင်ကလည်း နန်းတော်ရှေ့ဆရာတင်ရေးသည့် 'မြိုင်'သီချင်းတွင် **ရှိသမျှ မြိုင်တွေကုန်အောင် မပြောပါရစေနဲ့ မောလှချေရဲ့ တကယ့်ကိုထူးတဲ့ငွေမြိုင် စန္ဒကူးနံ့လို မွှေးတဲ့မြိုင်(ငွေမြိုင်)၂ မဟာမြိုင်ကြီးမှာ တစ်ယောက်တည်းပျော်တဲ့မြိုင်** ဟူ၍လည်းကောင်း၊ လေဘာတီမမြရင်ကလည်း နန်းတော်ရှေ့ဆရာတင်ရေးသည့် 'ဝိသာခါ'သီချင်းတွင် **ကျောင်းအမကြီးရဲ့ ဝိသာခါ မြေးတွေရတောင် လှနေမှာ မြရင်တစ်ယောက်ကို မြှောက်ပြန်ရာ တော်တော်လာတဲ့ ကိုအဇာ။** 'တုံးကျော်မ' သီချင်းတွင် **(သေနိုင် သနိုင်ပါရိုးလား လေဘာတီရယ်၊ ပေတစ်ရာဆီလျှောက်ပါလို့ မြင်သလောက် ပြလိုက်ချင်ပါသည်။)၂ (အခြေလည်းတိုးတယ်၊အနေလဲတိုးတယ်)၂ အခြေလည်း တိုးတယ်အနေလည်း၊ တိုးတယ် မသေဘဲ ကိုးကွယ်၊ မျှော်တော်မူကြသည်။ ဩော်– မမုန်းနဲ့နော် ကျွန်မအတည်၊ ရုပ်တော်တော်လှပါသည်။ တုံးကျော်မ လေဘာတီ။** ဦးသာဒင်ရေးသည့် 'ပန်းသဇင်'သီချင်းတွင် **ကြူကြူမွှေးသည့် (ဂေါ်သစင်)၂ထူးလည်းထူးတဲ့ (တော်ဝင်)၂ ချစ်သူကြိုက်သူ ထိုက်သူမှန်ရင် ပျို ဝမ်းသာရဲ့ (မယ်ရင်)၂** ဟူ၍လည်းကောင်း၊ မန္တလေးပန်တျာကျောင်း အဆိုနည်းပြ ဂီတမယ် လှကလေးစိန်ကလည်း အငြိမ့်ပညာရှင်ဘဝက ဗန္ဓုလ ဦးဘသာရေးသော 'မောင်မောင်ဆိုလေ ထီးရိုးရှည်' သီချင်းတွင် **လှကလေးစိန်ပျို မောင်ကတော့စိမ်းကား ရက်စက်သကို)၂ (ကြည့်ပါလား သူတို့က)၂ (ယောကျ်ားတို့မာယာ သဲကိုးဖျာ နောက်မယားဖြင့်ရှာကာ အမြဲပိုးတာ)၂ အချိန်ကိုဖြုန်းလို့ မုန်းပြီထင် လှကလေးစိန်ပျို(မောင်မောင်ဆိုလေတော်တို့ကိုက ထီးရိုးရှည်)၂** ဟူ၍ လည်းကောင်း၊

အငြိမ့်အကပညာရှင် ညိုညိုဆန်းကလည်း ရွှာစားကြီးအကယ်ဒမီစိန်တင်ဟန်ရေးစပ်ပေးသော 'ထန်းရွက်ပုတီး'သီချင်းတွင် **ညိုညိုဆန်းက ခေါ်ခေါ်ပါမယ်၊ မန္တလေးရွှေမြို့ရဲ့ အရှေ့ဆီ မျှော်မှန်းရှုယ် နွားကြန်စုံခြေကုန်မောင်းတော့ မြေတုန်စောင်းအောင် လှည်းဘီးကလေးကချာချာလည်၊ မောင့်သူငယ်ချင်းတွေ အလွန်ပင်စတဲ့ ရှင်မွှန်လှရဲ့ နားငွောင်းကျချောင်းအတက်ဝယ်** ဟူ၍လည်းကောင်း၊

ထို့ပြင်တေးပြသခင် ပညာရှင်နန်းတော်ရှေ့ဆရာတင်ကလည်း 'သူဌေးဝါဒ' သီချင်းတွင် **နန်းတော် ရှေ့ကို မေးလာကြရင် သူဌေးဝါဒလို့ ကျွန်တော်ပြောပြလိုက်မှာပင်** ဟူ၍လည်းကောင်း၊ 'ရွှေပြည်စိုး' သီချင်းတွင် **နန်းရှေ့တင်က မန္တလေး သဘင်ကွ ပြောပြောပြလို့ တပြေမှု၊ နန်းရှေ့တင်တင့် မန္တလေးသဘင်ရှင့် သင်းသင်းမွှေး ရွှေမဥ္ဇူ၊ ဩော် လေယူသွေး မွှေးလိုကြူ (ရွှေပြည်စိုး)၃ လွမ်းပိုဖွယ်ရာ** ဟူ၍လည်းကောင်း၊ လေဘာတီမမြရင် သီဆိုရန် ရေးပေးသော 'ဦးသဝန်ကြောင်' သီချင်းတွင် **သက်ဝေရဲ့ လင်မောင်ရာ သဝန်ကြောင်တာ မြရင်အုံတော့တာ** ဟူ၍လည်းကောင်း၊ 'ကမ္ဘောဇ' သီချင်းတွင် **ပုဝါလေးသိုင်းလို့ ပလိုင်းကို လွယ်စေချင် နန်းရှေ့ကိုကြီးတင်က ကျွန်မလေဘာတီကိုဆင်** ဟူ၍လည်းကောင်း ၊ တေးရေး ဆရာထာကလည်း **လေဘာတီပွဲရှိမှ အမြဲကြည့်တယ်နော် သာစည်က မမြရင် ညညစဉ်ခေါ် လေးငါးရှစ်ဆမင်းပဲလှသော် ကဦးနော်...**။ နောက်တစ်နေရာတွင် **မြရင် စတင်ဆရာထာကနော် လက်ဦးရေး သော် အာရော လျှာရော နှာရောထင်ပေါ် ခွဲခွဲခြားခြား ကျနအောင်နော်** ဟူ၍လည်းကောင်း၊ အလွှာအသီးသီး၊ ပညာရှင်အသီးသီးသည် စာပေများတွင် ရေးသူ၊ ကသူ၊ ဆိုသူများ၏ အမည်များပါ အောင် ထိုသို့ထည့်သွင်း ရေးစပ်သီကုံးကြပါသည်။ ရလဒ်အဖြစ် နောင်တစ်ချိန်တွင် မည်သူရေးစပ်သီဆို ကပြခဲ့သည်ကို နောင်းလူများ အငြင်းမပွားစေခြင်း၊ အနုသုခုမသဘင်စာပေလောကတွင် မိမိအမည်၊ အသင်းအမည် မတိမ်ကော မပပျောက် ထာဝစဉ် တည်တံ့ခိုင်မြဲထင်ရှားစွာကျန်ရစ်ခဲ့ခြင်း၊ သမိုင်းသုတေသီများအတွက် ဗုဒ္ဓဝင်ရာဇဝင်သမိုင်းကြောင်း ပထဝီဝင် အနေအထား သယ်ယူပို့ဆောင်ရေး ဝတ်စားဆင်ယင်မှု ရိုးရာထုံးစံဓလေ့များ စသည့်စသည့် အထောက်အထားတို့ အချိန်ကာလအလိုက် သမိုင်းမှတ်တမ်းမှတ်ကျန်ရစ်ခဲ့ခြင်းတို့ဖြင့် အကျိုးရှိပါသည်။

ယခုဆိုလျှင် မြို့မတူရိယာအသင်းကြီးသည်လည်း သက်တမ်းနှစ်(၁၀၀)တိုင်ခဲ့ပြီး ဖြစ်ပါသည်။ နှစ် (၁၀၀)တိုင်အောင် တည်တံ့ခိုင်မြဲခြင်း၏ အကြောင်းအရင်းများစွာရှိသည့်အနက် ခိုင်မြဲခေတ်မီနေရခြင်း၏ အုတ်တစ်ချပ်သဲတစ်ပွင့်မှာ စာစီ ညွှန့်ဖွဲ့လျှင် နာမည်အလွန်ထည့်ချင်သောကြောင့်ပင် ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် နန်းတော်ရှေ့ဆရာတင်က 'တောင်ပြုန်း' သီချင်းတွင် **အို... တောင်ပြုန်းဆို ပွဲတော်ကြီး နီးလာပြီ။ လာ ကိုမြို့မ ကျွန်မနဲ့တွဲ သွားပါရစေ။ အိုနောက်ကနေ ယောက်ဖရေ ခေါ် နေပြီ။ (ပျို သည်းညည်းခံ)၂ ထုံးစံပါအတည် အိမ်ကိုမြန်မြန်ပြန် ကလေးတွေငိုကုန်ပြီ** ဟူ၍ ထိုသို့…။

အေးဝမ်းဆရာညွှာရေးသော 'ပြည်တော်ဝင်' သီချင်းတွင် **(အခါတော်ရောက်ချိန်နီးလို့လာလေ ဒေါ်ဒေါ်၊ မမ၊ နှမတို့ရေ အသဲစွဲ ချစ်မိတ်ဆွေ ခေတ္တခွဲလို့နေ)၂ မြို့မနဲ့အတူတကွ လိုက်ပါနိုင်စေ။ အောင်စည်ယွန်းသံ ကြားပြီထင့် ပြည်တော်ဝင်မယ်လေ**ဟူ၍ ထိုသို့…။

မြို့မငြိမ်းရေးသော 'မန်းတောင်ရိပ်ခို(မြနန္ဒာ)' သီချင်းတွင် **မြို့မနဲ့ တစ်မိတည်းဖွားသလိုဆိုတော့ မယ်ကွယ်(အမောက်ကလေးတသသနဲ့ မြှောက်လို့ပေးတာ မဟုတ်ဘူးကွယ်)၂ (ယဉ်စစနဲ့ မြင်လိုက်ရတာ အဝတ်အစားမှာပင် အလွန်တင့်တယ်)၂ ထွန်းသစ်စ လရောင်ဝယ် ခိုင်ညှာတံပွင့်လန်း ပန်းသို့နယ် ရိုးရိုးသားသားနဲ့ ကျုပ်တို့မြို့မက ကျေနပ်တယ်**ဟူ၍ ထိုသို့။

မြို့မလေးလေးရင်ရေးသော 'မြှုမှော်ဆေကင်း (အေးတဲ့ရေ)'သီချင်းတွင် **(သင်းပျံ့လေ ရွှေပန်းပိတောက်တွေ တွဲရွဲနဲ့လေ အဆင်မြမြန်းလာလှတဲ့ မေ ငွေငန်းမောင့်ကိုလောင်းတဲ့ရေ ဘေးဘယာဝေးကွာ ကင်းစင်ပမယ်လေ)၂ ဒီရေပွဲသကြန်ရေ** ဟူ၍ ထိုသို့ …။

ထို့ပြင် မင်္ဂလာရက်မြတ်လက်ထပ်ပွဲနှင့် ကင်းရှင်းသူ၊ မဆက်နွှယ်သူဟူ၍ မရှိ။ စုလျားရစ်ပတ်လက်ထပ်သည့် မောင်မယ်များရှိနေသေးသ၍ ထာဝရ ခိုင်မြဲစွာတည်ရှိနေမည့် သီချင်းတစ်ပုဒ်ရှိပါသည်။ မြို့မငြိမ်းရေး၍ မေရှင်သီဆိုပါသည်။ 'မင်္ဂလာမောင်မယ်'သီချင်းဖြစ်သည်။ ပထမအပိုဒ်တွင် **(သံသာကမ်းတိုင် တူပြိုင်ကူးမယ်လေ ဆုထူးကို မောင်မယ်စုံခြွေ ဟိုရှေးရေစက်ခိုင်မြဲလွဲမသွေ ဖူးစာဖက် ချစ်သက်ဝေ ချစ်တဲ့သက်ဝေ)၂** အဆုံးပိုဒ်တွင် **'မင်္ဂလာစုပေါင်းကျက်သရေရှိကြောင်း ဆုခြွေလိုရာ အဖြာဖြာအောင်ပါစေ မောင်မယ်တွေ မြို့မတေး ငြိမ့်မြူးနွဲ့ ဝမ်းမြောက်တဲ့ အောင်သံတွေ အေးမြမြသာပေ့ါ သာပေ့ါဆွေ'...** ဟူ၍ ထိုသို့…။

နန်းတော်ရှေ့ဆရာတင်၏ 'ပဥ္စသိခ်'သီချင်းတွင် **သူ့စေတနာဖြူစင်လှလို့ အသံရော၊ အကရော၊ အပြောရော လှူမြတ်စွာဘုရားရှေ့ရောင်ခြည်ကြမြန်းဆူတဲ့ အရဟတ္တမင်္ဂနဲ့ အရဟတ္တဖိုလ်ရဖူးသူ တီးလုံးဆန်းရဲ့ ပါရဂူမြို့မကြီးရဲ့ အတီးကို နှစ်သက်သူ** ဟူ၍ ထိုသို့ ….

ထိုသို့ ထိုသို့ကြောင့် ကျွန်တော်တို့သည်လည်း မြို့မကြီးရဲ့အတီးကို နှစ်သက်သူများ ဖြစ်သွားခဲ့ရပါကြောင်း…..။





## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၄)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဒေါ်ရည် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်ရွှေ(ခ)ဒေါ်ပြား(ဘ)ဦးပေါက်(၉/မရမ(နိုင်)၀၃၆၈၁၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်နံပါတ်(၁၁၇)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ကြင်(ခ)ဒေါ်ကျင်နှင့် ဒေါ်အုံးကြင်တို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့သူ (ခင်ပွန်း)ဦးသန်းကို(ခ)ဦးသန်းလွင် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇနီး)ဒေါ်ခင်မြတ်ကြည်(ဘ)ဦးသန်းအေး(၉/မရတ(နိုင်)၀၂၀၁၄၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ၅၈လမ်းနှင့်၂၆လမ်းထောင့်တွင် တည်ရှိသော အကွက်အမှတ်(၅၁၄/၄)၊ ဦးပိုင်အမှတ်(၅-က)၊ ဧရိယာဧက(၀ ဒသမ ၀၂၀၉)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီသုံးထပ်ခွဲအဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးဇော်ဝင်း(၉/မရမ(နိုင်)၀၁၀၈၁၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြည့်သည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလူမိုး (ဥပဒေဘွဲ့)** **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ–၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့်လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း 09-2070007၊ 09-792070007၊ 09-43250000**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစိန်ဝင်း အမည်ပေါက် ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားသူဖြစ်သော ဦးစိုင်းထွန်းမြင့်(ဘ)ဦးစိုင်းခမ်းကျော်(၉/ခမစ(နိုင်)၀၄၄၅၂၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ–၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

### ကြော်ငြာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၄)၊ ဦးပိုင်အမှတ်(၇၅)၊ မြေကွက်ပေါ်တွင် ဒေါ်ပြုံးပြုံးရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ဗမန(နိုင်)၀၂၆၂၉၃)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊**
**အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁)၊ ဦးပိုင်အမှတ်(၉၈-က)၊ မြေကွက်ပေါ်တွင် ဒေါ်အေးအေးဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခန(နိုင်)၀၆၀၉၉၆)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(B)၊ ဦးပိုင်အမှတ်(၁၅)မြေကွက်ပေါ်တွင် ဦးသန့်ဇင်ဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၁၁၂၄၇၃)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ (ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(မ-၁၀)၊ ဦးပိုင်အမှတ်(၁၇) မြေကွက်ပေါ်တွင် ဒေါ်ချင်ချူး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ဗမန(နိုင်)၀၃၈၇၆၈)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံ/တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၀၆)၊ ဦးပိုင်အမှတ်(၉၄-ဆ+၉၄-ဈ)၊ မြေကွက်ပေါ်တွင် ဦးကျော်သူ(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၈/မမန(နိုင်)၁၂၂၅၆၂)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(B)၊ ဦးပိုင်အမှတ်(၂၇+၂၈)ခဲစင်း၊ မြေကွက်ပေါ်တွင် ဦးမင်းသိုက် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမဇ(နိုင်)၀၁၄၈၄၆)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊**
**အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၃)၊ ဦးပိုင်အမှတ်(၉)၊ မြေကွက်ပေါ်တွင် ဦးကျော်မင်းဟန်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၀၇၆၆၇)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ (ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၁)၊ ဦးပိုင်အမှတ်(၉၄-ခ/၁၉ခဲစင်း) မြေကွက်ပေါ်တွင် ဦးအောင်မြတ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/ဥကတ(နိုင်)၀၂၃၀၃၉)က ဝင်းခြံကာရံခွင့် (ခြံစည်းရိုး)(၁၄)မိုင်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ (ခြံစည်းရိုး)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၄)၊ ဦးပိုင်အမှတ်(၃၆) မြေကွက်ပေါ်တွင် ဒေါ်စုစုခင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၁၀၂၄၀၅)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

### ကြော်ငြာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၂)၊ ဦးပိုင်အမှတ်(၁၀)မြေကွက်ပေါ်တွင် ဦးကျော်ဝင်းမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၁၀၇၉၈၃)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၃၀-က)၊ ဧရိယာ(၅၅×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်သည် ဒေါ်သောင်း(ဘ)ဦးရှိန်(DI -၀၃၆စစ၆)အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ တောင်ဘက်ခြမ်း ဧရိယာ(၁၅×၅၅)ပေ အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူတို့ထံမှ တစ်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ငွေရည်ဝင်း(ဘ)ဦးဇော်နိုင်ဦး(၉/မကန(နိုင်)၁၅၅၅၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အစိတ်အပိုင်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝေဝေမြင့် (LL.B)** **ဒေါ်သဇင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **Myint thazin Business legal Consultant**
**၅၅လမ်း။ ၂၆လမ်းနှင့် ၂၇လမ်းကြား။ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၄၀၁၆၂၅၀၊ ၀၉-၄၄၄၀၀၁၆၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၃/၃)၊ ဦးပိုင်အမှတ်(၈၃)အတွင်းမှ ဧရိယာ(၂၉×၁၉)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ညိုညိုသန်း(ဘ)ဦးကျော်သန်း(၉/မနတ(နိုင်)၀၃၂၈၀၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဝေဝေမြင့် (LL.B)** **ဒေါ်သဇင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **Myint thazin Business legal Consultant**
**၅၅လမ်း။ ၂၆လမ်းနှင့် ၂၇လမ်းကြား။ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၄၄၀၁၆၂၅၀၊ ၀၉-၄၄၄၀၀၁၆၄၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၂)၊ ဦးပိုင်အမှတ်(၆၆-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်မာယာဒေဝီအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီနှစ်ထပ်ခွဲ အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ဖြူသင်းမွန်(ဘ)ဦးတင်မောင်ဝင်း(၉/ပသက(နိုင်)၀၉၉၈၉၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**
**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၆)၊ ဦးပိုင်အမှတ်(၆+၇)၊ ဧရိယာ ဧက(၀ ဒသမ ၀၅၅၁ + ၀ ဒသမ ၀၅၅၁) အကျယ်အဝန်းစီရှိ ဂရန်မြေကွက်များ၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးကျော်ထူး(၉/ပကခ(နိုင်)၀၁၅၁၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ချက်အရ–**

**ဦးလှမိုး (ဥပဒေဘွဲ့)** **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၅)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အေးအေးမာအမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်းဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်အစိတ်အပိုင်းပေါ်ရှိ အာရ်စီ(၂)ထပ်ခွဲအဆောက်အအုံ၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူကာ လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်မိုးအောင်(ဘ)ဦးတင်မောင်(၉/အမရ(နိုင်)၀၉၉၉၁၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများ၊ သက်ဆိုင်ရာတရားရုံးတို့၏ စီရင်ချက်၊ ဒီကရီများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးကျော်ဖြိုးဦး (LL.M)** **ဒေါ်သက်သက်နိုင် (LL.B)** **ဒေါ်ချစ်သဲဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အကွက်(ဓ-၂)၊ လမ်း၆၀၊ မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြား၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၅၄၂၉၆၊ ၀၉-၉၇၄၆၉၆၆၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၄)၊ ဦးပိုင်အမှတ်(၁၇-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၄၃)ဧက အကျယ်အဝန်းရှိ ဦးပြည့်စုံဦးအမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အရ တရားဝင်လက်ရှိလက်ရောက် ပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ (၁) ဒေါ်ငွေငွေဝင်း(ဘ)ဦးစိန်ငွေ(၉/မရတ(နိုင်)၁၃၁၀၀၆)၊ (၂) ဦးအောင်ဆန်းသင်း(ဘ)ဦးစိန်ငွေ(၉/မဟမ(နိုင်)၀၀၉၂၀၆)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများ၊ သက်ဆိုင်ရာတရားရုံးတို့၏ စီရင်ချက်၊ ဒီကရီများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးကျော်ဖြိုးဦး (LL.M)** **ဒေါ်သက်သက်နိုင် (LL.B)** **ဒေါ်ချစ်သဲဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အကွက်(ဓ-၂)၊ လမ်း၆၀၊ မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြား၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၅၄၂၉၆၊ ၀၉-၉၇၄၆၉၆၆၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၂၀၇)၊ အရှေ့ဘက်ခြမ်းခဲစင်း(၂၀×၅၈)ပေ အကျယ်အဝန်းရှိ ထရံကာသွပ်မိုး (၁)ထပ်အဆောက်အအုံ၊ ရေ+မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ပေါ်(ဘ)ဦးထီ(၅/ငဇန(နိုင်)၀၅၆၅၄၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးရဲမင်းထွန်း (LL.B, D.I.L)** **ဦးငြိမ်းချမ်းရွှေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**ရုံးခန်း - (ဃ-၂၁)၊ ၃၉လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၂၂၉၀၈၊ ၀၉-၉၁၀၄၉၅၄၁၊ ၀၉-၉၆၂၀၄၉၅၄၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာနေ ဦးထွန်းဦး(ဘ)ဦးရွှေ(၉/ပသက(နိုင်)၀၀၇၀၇၅)နှင့် ဒေါ်ကြူကြူသင်း(ဘ)ဦးချစ်(၉/ပသက(နိုင်)၀၀၇၀၇၄)ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာ၊ အမှတ်(၂၇၈)အတွင်းရှိ အလျား(၁၅)ပေ×အနံ(၆၅)ပေ အကျယ်အဝန်းရှိ မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းဦးနှင့် ဒေါ်ကြူကြူသင်းတို့မှ လွန်ခဲ့သောနှစ်များစွာကတည်းကပင် အမွေဆက်ခံပိုင်ဆိုင်ပြီး လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်အသုံးပြုလျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းဦးနှင့် ဒေါ်ကြူကြူသင်း၏ သဘောတူခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းမှအစပြု၍ တစ်ခြားနည်းလွှဲပြောင်းခြင်းတို့ ပြုလုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားခြင်းများ မပြုလုပ်ကြရန်နှင့် အကယ်၍ ကျွန်ုပ်တို့၏မိတ်ဆွေတို့ သဘောတူခွင့်ပြုချက်မရဘဲ ပြုလုပ်ဆောင်ရွက်ပါက ပြုလုပ်ဆောင်ရွက်သူတို့၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ကြည်သာနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း ၀၉-၂၀၆၁၆၃၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ(၀ ဒသမ ၀၃၆)ဧက အကျယ်အဝန်းရှိ မမဲ့အမည်ပေါက် ဂရန်မြေကွက်ကို ဒေါ်မြသန်း(ဘ)ဦးမို(၉/ပသက(နိုင်)၀၀၃၈၈၆)၊ ဦးဖုန်းကျော်(ဘ)ဦးစိမ်းမောင်(၉/မနတ(နိုင်)၀၆၆၆၁၅)၊ ဒေါ်စံပယ်(ခ)ဒေါ်ခင်ဆွေဝင်း(ဘ)ဦးအေးမောင်(၉/မနမ(နိုင်)၀၀၀၂၅၉)ကိုင်ဆောင်သူတို့မှ ဦးစံလင်း(ဘ)ဦးအေးမောင်(၉/မနမ(နိုင်)၀၅၅၀၁၀)ထံသို့ လွှဲအပ်ခဲ့သော မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ (၁၉-၁၁-၂၀၂၄)ရက်စွဲပါ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၅၁၁/၂၀၂၄)အရ လွှဲအပ်ပေးထားခဲ့ပါသည်။

ယခုအခါ လွှဲအပ်သူ ဒေါ်မြသန်း ပါ-၃ဦးတို့ထံမှ လွှဲအပ်ထားသည့် အထက်ပါ အထူးကိုယ်စားလှယ်လွှဲစာအား သက်ဆိုင်ရာရုံးဌာနအသီးသီးတို့တွင် လုပ်ငန်းကိစ္စရပ်များကို လွှဲအပ်သူတို့၏ကိုယ်စား ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိ ကတိဖျက်ကွက်သည့်အတွက် လွှဲအပ်သူ ကျွန်ုပ်တို့(၃)ဦးမှ ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်းလိုက်ပါသည်။ အဆိုပါ ဖျက်သိမ်းသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့(၃)ဦးထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြသန်း(၉/ပသက(နိုင်)၀၀၃၈၈၆) ဦးဖုန်းကျော်(၉/မနတ(နိုင်)၀၆၆၆၁၅)**
**ဒေါ်စံပယ်(ခ)ဒေါ်ခင်ဆွေဝင်း (၉/မနမ(နိုင်)၀၀၀၂၅၉)**
**ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

❖ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှပညာသင်ကြားနိုင်မည်၊ လူ့အသက်ထက်အရေးကြီးသည်မှာ ဘာမှမရှိ၊ ဆေးရုံတိုင်းဆရာဝန်ရှိရမည် စသည့် မူဝါဒများချမှတ်၍ ကျန်းမာရေးနှင့်ပတ်သက်ပြီး လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်း၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် အားပေးမြှင့်တင်ပေးလျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

**❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

**❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

**❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများဝယ်ယူလျှောက်ထားနိုင်ကြောင်း အသိပေးကြေညာ

သတင်းကြေညာချက်
၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၈)ရက်

၁။ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာတစ်စောင်လျှင် (၂၀၀)ကျပ်နှင့်စာမေးပွဲဝင်ကြေးအတွက် (၇၀၀)ကျပ်တန်ဖိုးရှိ ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းတို့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၅၂) နေပြည်တော်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ရောင်းချပေးမည်ဖြစ်ပါသည်။

၂။ ကျောင်းတွင်းမှဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် ဖြေဆိုခွင့်လျှောက်လွှာများကို သက်ဆိုင်ရာ ကျောင်းများမှလည်းကောင်း၊ ပြင်ပမှဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများမှလည်းကောင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားလှယ်စေလွှတ်၍ လာရောက်ဝယ်ယူရန်ဖြစ်ပါသည်။

၃။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာ၊ ကတ်ပြားပုံစံများကို ဖြေဆိုမည့်ဘာသာတွဲအလိုက် အစိမ်းရောင်နှင့် ပန်းရောင် အရောင်နှစ်မျိုးခွဲခြားသတ်မှတ်ထားပါသည်။

၄။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသားကျောင်းသူများအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများသည် လျှောက်လွှာတစ်စောင်ချင်းစီတွင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်းများကို ကပ်၍ မိမိတို့ကျောင်းအလိုက် ဖြေဆိုခွင့်လျှောက်လွှာများကို မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနသို့ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အတွင်း တင်သွင်းကြရမည် ဖြစ်ပါသည်။

စာမျက်နှာ ၁၀ သို့



တပ်မတော်စစ်ကြောင်းများက ပုသိမ်ကြီးမြို့နယ်ရှိ အယ်လ်ဖာဘိလပ်မြေစက်ရုံအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

## TNLA နှင့် MDY-PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့ ခေတ္တစိုးမိုးထားသည့် အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်သတ္တုတွင်းဒေသအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ မူလအတိုင်းပြန်လည်ဖော်ဆောင်ပေးနိုင်မည်

နေပြည်တော် ဩဂုတ် ၂၈

NUG အမည်ခံ ပြည်ဖျက်အကြမ်းဖက်အဖွဲ့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများပျက်စီးစေရန်ရည်ရွယ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပူးပေါင်းကာ အကြမ်းဖက်လုပ်ရပ်များဖြစ်သည့် လုံခြုံရေးအားနည်းသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဒေသအချို့အား အင်အားသုံးတိုက်ခိုက်ခြင်းများပြုလုပ်ပြီး ဒေသခံပြည်သူများ၏ နေအိမ်များ၊ အစိုးရအုပ်ချုပ်မှု အဆောက်အအုံများနှင့် လမ်း၊ တံတားကြီးများအား မီးရှို့ဖျက်ဆီးဖောက်ခွဲခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် အဖိုးတန်နှင့် အမြတ်တနိုးပစ္စည်းများအား အတင်းအဓမ္မ လုယက်ယူဆောင်ခြင်း၊ လက်နက်များဖြင့် ခြိမ်းခြောက်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ နေ့စဉ် ထမင်း၊ ဟင်း ချက်ပြုတ်၍ ပံ့ပိုးပေးရခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် ရဟန်းသံဃာများအား အစိုးရ၊ တပ်နှင့် ရဲသတင်းပေးခေါင်းစဉ်တပ်၍ ဖမ်းဆီးသတ်ဖြတ်ခြင်းများ အပါအဝင် အဓမ္မလူသစ်စုဆောင်းခြင်းများ လုပ်ဆောင်လျက်ရှိကြရာ အဆိုပါအကြမ်းဖက်လုပ်ရပ်များကြောင့် ၎င်းတို့ ရောက်ရှိရာဒေသများ၌ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် လူမှုစီးပွားဘဝများ အဘက်ဘက်က ချွတ်ခြုံကျခဲ့ရသည်။

စာမျက်နှာ ၈ သို့

## အား/ကာသိပ္ပံအသင်းက Khovd Western FC အသင်းအား ရှစ်ဂိုးပြတ်ဖြင့်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၈

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ် ခြေစစ်ပွဲအုပ်စု ဒုတိယပွဲစဉ်အဖြစ် မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် မွန်ဂိုလီးယား ကလပ် Khovd Western FC အသင်းတို့ ယနေ့ မြန်မာစံတော်ချိန် ညနေ ၄နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားသွားရာ အား/ကာသိပ္ပံအသင်းက Khovd Western FC အသင်းအား ရှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာကလပ် အား/ကာသိပ္ပံအသင်းအတွက် သွင်းဂိုး ရှစ်ဂိုးကို နှင်းပွင့်အေး၊ မေထက်လူ၊ ရွှေရည်ထွန်း၊ လင်းမြင့်မိုရ်၊ စန်းသော်သော်၊ စန္ဒာလင်း၊ ဖြူဖြူဝင်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အား/ကာ သိပ္ပံအသင်းသည် အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ် ခြေစစ်ပွဲအုပ်စုပွဲစဉ် နှစ်ပွဲကစားအပြီးတွင် နှစ်ပွဲစလုံး အနိုင်ရယူထားနိုင်ခဲ့သည်။

မြန်မာကလပ် အား/ကာ သိပ္ပံအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီး ကလပ် ခြေစစ်ပွဲအုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၃၁ရက်တွင် ဖိလစ်ပိုင်ကလပ် Stallion Laguna FC အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀

